# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday, 18 November 2022 ၁၀၉၂၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

## ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်၊ သာသနာရေးရာ ဆောင်ရွက်ချက်များနှင့် ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် ဝေဖန်ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပစဉ်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေး ဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းအမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**



**ကိုယ်လက်လှုပ်ရှား အားကစား တို့များပီပြင် ပါဝင်စေချင်**


ဆောင်းပါး စာမျက်နှာ » ၆


**လေးစားမှုကို တန်ဖိုးထား**


ဆောင်းပါး စာမျက်နှာ » ၁၁


**အမောပြေ**


ဆောင်းပါး စာမျက်နှာ » ၁၈


**အချပ်ပို ၁၆ မျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်နှင့် ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းများ ဖော်ပြထားသည့် အချပ်ပို ၁၆ မျက်နှာပါရှိပါသည်။




ကြေးမုံ

# ညီညွတ်မှုစွမ်းပကားဖြင့် နိုင်ငံတည်ဆောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက်သုံးရပ်ကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါ လူမှုရေးဦးတည်ချက်သုံးရပ်သည် နိုင်ငံတော်၏ မျက်မှောက်ကာလနှင့် အနာဂတ်ကာလအတွက် အရေးပါသောအချက်များဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားယဉ်ကျေးမှုတို့နှင့် သက်ဆိုင်သည့် စိတ်ဓာတ်များနှင့် ဝိသေသလက္ခဏာများသည် မြန်မာနိုင်ငံအတွက် အရေးကြီးသောအချက်များဖြစ်သည်။ ခိုင်ကျည်မြဲမြံသည့် အဆိုပါအချက်များဖြစ်ထွန်းနေ၍သာ ပြည်ထောင်စုကြီးသည် နှစ်ပေါင်းထောင်ချီ ယနေ့ထက်တိုင်တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ လျော့ပါးလာပါက တိုင်းပြည်စည်းလုံးညီညွတ်မှု လျော့နည်းလာပြီး အန္တရာယ်အသွယ်သွယ် ကျရောက်လာနိုင်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကာလကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ဂုဏ်ထည်ဝါစွာနေထိုင်ခဲ့သည့် နိုင်ငံဖြစ်သည်။ သို့သော် နယ်ချဲ့ဗြိတိသျှတို့၏ကျူးကျော်မှုကြောင့် ကျွန်ဘဝသို့ကျရောက်ခဲ့ပြီး ထီးသုဉ်းနန်းသုဉ်းဖြင့် ဘုရင်စနစ်ကွယ်ပျောက်ခဲ့သည်။ နယ်ချဲ့တို့သည် ဇာတိမာန်ထက်သန်သော မြန်မာတို့၏စိတ်ဓာတ်များနှင့် ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ပညာရေး၊ လူမှုရေးတို့ကို နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်ဖျောက်ဖျက်ကာ ကျွန်သက်ရှည်အောင်ပြုလုပ်ခဲ့သည်။ မတတ်သာ၍ လွတ်လပ်ရေးပေးခဲ့ရသော်လည်း စည်းလုံးညီညွတ်မှုပျက်ယွင်းသည့် ဆိုးမွေများကျန်ရစ်အောင် ဖန်တီးခဲ့၊ ဖန်တီးနေဆဲအခြေအနေများကိုလည်း သုံးသပ်ဆင်ခြင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ခဲ့သည့် သမိုင်းသင်ခန်းစာများနှင့် မျက်မှောက်ကာလအခြေအနေများကို ဆင်ခြင်မြော်တွေး၍ ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်၏ အရေးပါပုံကို သိရှိရမည်ဖြစ်သည်။ "အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲရေး၊ တိုင်းရင်းသားတို့၏ ညီညွတ်သော စုပေါင်းစွမ်းပကားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်ရေးကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လာအောင် စီမံဆောင်ရွက်လျက်ရှိပါသည်" ဟု နိုင်ငံတော်၏ ရည်မှန်းချက်နှင့် ဆောင်ရွက်ချက်ကို (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထည့်သွင်းပြောကြားထားသည်။

နိုင်ငံတော်အနေဖြင့် သမိုင်းဖြစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး တိုင်းပြည်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မနားမနေဆောင်ရွက်လျက်ရှိရာ လွတ်လပ်ရေးနှင့်အတူဖြစ်ပေါ်လာခဲ့သည့် ပြည်တွင်းပဋိပက္ခများချုပ်ငြိမ်းအောင် ဆောင်ရွက်နေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) တို့ကိုအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို တည်ဆောက်လျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးရရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ဒေသအသီးသီးမှ သက်ဆိုင်ရာကိုယ်စားလှယ်များအား ဖိတ်ခေါ်ဆွေးနွေးကာ ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတို့၏အကျိုးကို ရှေးရှု၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ ဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ ကြုံတွေ့နေရသည့်အခက်အခဲနှင့် ပဋိပက္ခများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး ရည်မှန်းထားသည့် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်လာမည်။

အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲရေး၊ တိုင်းရင်းသားတို့၏ ညီညွတ်သောစုပေါင်းစွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်မှုပန်းတိုင်မှာ အလှမ်းမဝေးဟုဆိုရမည်ဖြစ်သည်။ အဓိကမှာ စည်းလုံးညီညွတ်မှုစွမ်းပကားဖြစ်သည်။ ကိုလိုနီနယ်ချဲ့လက်ဟောင်းလက်သစ်တို့၏ ရည်မှန်းချက်သည် ပြည်ထောင်စုအတွင်း စည်းလုံးညီညွတ်မှုပျက်ပြားရေးဖြစ်သည်ကို သတိပြုဆင်ခြင်ကြည့်ရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုလျော့နည်းလာ၍ ပဋိပက္ခများဖြစ်ပေါ်နေသည်ကို မြင်တွေ့နိုင်သည်။ ဒီမိုကရေစီနှင့် အာဏာရှင်စနစ်ကို ခေါင်းစဉ်တပ်၍ ပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားအောင် ဖန်တီးနေသည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ စည်းလုံးညီညွတ်ခြင်း၏ အခြေခံဖြစ်သည့်၊ အစဉ်အလာကြီးမားခဲ့သည့် တိုင်းပြည်၏ဝိသေသလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နေပြီး အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲအောင်အားထုတ်ကာ တိုင်းရင်းသားတို့၏ ညီညွတ်သောစုပေါင်းစွမ်းပကားဖြင့် အေးချမ်းသာယာဝပြောသောနိုင်ငံဖြစ်အောင် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။




## (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ကသာ နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ယနေ့နံနက် ၉ နာရီက (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်နှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းသားများက ပြည်မြန်မာသီချင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှပေးပို့သော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ကသာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်ဝင်းက ဖတ်ကြားသည်။

**ဆုများချီးမြှင့်ခဲ့**

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် မိဘများ စုစုပေါင်း ၁၀၈ ဦး တက်ရောက်ခဲ့ပြီး ကသာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းက ဂုဏ်ပြုဆုငွေပေးအပ်ခြင်းနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

## လက်ပံတန်း၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

လက်ပံတန်း နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြို့နယ်ပညာရေးမှူးရုံးခန်းမတွင် ယနေ့ နံနက်၉ နာရီက (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က ဖတ်ကြားပြီး အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်၊ အဖွဲ့ဝင်ဗိုလ်မှူးကျော်ဝင်းခိုင်၊ ဦးတင်စိုးရှိန်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းမြင့်နှင့် ဆရာကြီး ဆရာမကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**အောင်ဆင့်**

■

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

☆ ရှေ့ဖုံးမှ

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက ဆောင်ရွက်တော်မူသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ယင်းနောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေး ဒုတိယနေ့၊ ဒုတိယပိုင်းကို ဆက်လက်ကျင်းပခဲ့ပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တစန္ဒကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို သာသနတက္ကသီလမဟာဓမ္မာစရိယ ဘဒ္ဒန္တနန္ဒပါလကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက အတည်ပြုချက်ရယူပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက စတုတ္ထိသတိမ(၃၄)ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၇**

(၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းရှိ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊ အမျိုးသားအောင်ပွဲနေ့ ဗဟိုကော်မတီဝင်များနှင့် အခြေခံပညာဦးစီးဌာနမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဖတ်ကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာလှည့်ခရီးသွားများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်စပ်လျဉ်းသော အာရှ-ပစိဖိတ်ဒေသတွင်း ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ကမ္ဘာလှည့်ခရီးသွားများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် စပ်လျဉ်းသည့် အာရှ- ပစိဖိတ်ဒေသတွင်းဆွေးနွေးပွဲသို့ အွန်လိုင်းမှ တက်ရောက်သည်။




**ဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများကို ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရာတွင် အထောက်အပံ့ပေးနိုင်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကဲ့သို့သောအရေးပေါ် အခြေအနေတွင် ခရီးသွားဧည့်သည်များ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတကာစံနှုန်း၊ ဥပဒေမူဘောင်များ ပြန်လည်ချမှတ်နိုင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲအစီအစဉ်ကို ကမ္ဘာလှည့်ခရီးသွားများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများ၊ ယင်းစံနှုန်းများအပေါ် သုံးသပ်ဆွေးနွေးခြင်းနှင့် နိုင်ငံတကာစံနှုန်းများကို လိုက်နာကျင့်သုံးခြင်းအစရှိသည့်ခေါင်းစဉ်များဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အာရှနှင့် ဥရောပဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ မစ္စတာဟေဂယ် ဂွတ်ဝှမ်း၊ ဥပဒေရေးရာကောင်စီမှ မစ္စအယ်လ်စီယာဂိုမက်စ်၊ ကမ္ဘာလှည့်ခရီးသွားများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများ ကော်မတီမှအဖွဲ့ဝင် ကျွမ်းကျင်ပညာရှင်များနှင့် အကြီးတန်း ဥပဒေရေးရာ ကျွမ်းကျင်ပညာရှင် မစ္စအမ်မလီစတီမာတို့က ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပြည်တွင်း/ပြည်ပခရီးသွားများကို ကောင်းမွန်သော ဝန်ဆောင်မှုများပေးအပ်ရန်နှင့် စိတ်ကျေနပ်မှုရရှိစေရန်အတွက် လိုအပ်သော မူဝါဒများ၊ ဥပဒေများနှင့် မူဘောင်များချမှတ်ထားပါကြောင်း၊ ခရီးသွားဧည့်သည်များ စိတ်ချလုံခြုံစွာ ခရီးသွားနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလတွင် ခရီးသွားဧည့်သည်များ၏ ယုံကြည်စိတ်ချမှုပြန်လည်ရရှိရန်နှင့် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ဦးဆောင်ရေးဆွဲလျက်ရှိသော ကမ္ဘာလှည့်ခရီးသွားများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများသည် ခရီးသွားဧည့်သည်များကို ပိုမို၍ အကာအကွယ်ပေးနိုင်မည်ဖြစ်သဖြင့် ခရီးသွားများ၏ ယုံကြည်မှုများကို ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါနိုင်ငံတကာစံနှုန်းများကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများက ပိုမိုလက်ခံကျင့်သုံးလာကြမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒေးဒရဲမြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ကျင်းပ

**ဒေးဒရဲ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက



အမှတ်(၁) အခြေခံပညာကျောင်းရှိ ကရဝိက်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမွန်မြတ်သူစိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ပညာရေးမှူး ဦးလှစိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က ဖတ်ကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမွန်မြတ်သူစိုးနှင့် တာဝန်ရှိသူများက ၂၀၂၂ ခုနှစ် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာပြိုင်ပွဲနှင့် ကျောင်းပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အခြေခံပညာကျောင်းများက ကျောင်းသား ကျောင်းသူများက မြန်မာ့ယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး တက်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် မှတ်တမ်းဓာတ်ပုံများနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသထားပြီး သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ကြီးမှူး၍ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ



ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ကြီးမှူးကျင်းပသည့် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပစဉ်။

ရန်ကုန် နိုဝင်ဘာ ၁၇

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)က ကြီးမှူးကျင်းပသည့် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မလမ်းရှိ သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများက တို့ဗမာသီချင်းကို စုပေါင်းသီဆို၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်မင်းကျော်သူက အောင်မောင်း ၂၇ ချက်တီးကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌက ဖတ်ကြားသည်။

ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌက (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြစ်သည့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရတစ်ဦး၊ မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ သုံးဦးနှင့် မင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရသုံးဦးတို့အား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌက မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ်သိန်း ၅၀ နှင့် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဓာတိမာန်သီချင်း စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) နှင့် အလုပ်အမှုဆောင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး (ဗဟို) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ -ကိုကိုဇော်(သတင်းစဉ်)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်




နေပြည်တော် နိုဝင်ဘာ ၁၇

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး မျိုးထွဋ်လှိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တီးတိန်မြို့သို့ ရောက်ရှိပြီး နယ်မြေခံတပ်ရင်း အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ တီးတိန်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက တီးတိန်ခရိုင် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းပြောကြားပြီး ပြည်နယ်ဦးစီးမှူးများက ကဏ္ဍအလိုက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် မြို့မိ၊ မြို့ဖ ဦးကမ်းလျန်းက မဟာဓာတ်အားလိုင်းရရှိရေး၊ ခုတင် (၁၀၀) ဆံ့ပြည်သူ့ဆေးရုံကို ခုတင် (၃၀၀) ဆံ့ဆေးရုံအဖြစ် တိုးချဲ့ပေးနိုင်ရေးတို့ကို တင်ပြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ် သင်တန်းသား၊ သင်တန်းသူများ အတည်ပြုရွေးချယ်



နေပြည်တော် နိုဝင်ဘာ ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဝိဇ္ဇာ၊ သိပ္ပံနှင့် A.G.T.I ဒီပလိုမာ (ပထမနှစ်) သင်တန်းတက်ရောက်ကြမည့် သင်တန်းသား ၁၈၈ ဦး၊ သင်တန်းသူ ၁၆၄ ဦး စုစုပေါင်း ၃၅၂ ဦး တို့ကို အတည်ပြုစိစစ်ရွေးချယ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းသား၊ သင်တန်းသူ ရွေးချယ်ရေး ဆောင်ရွက်သည့် နေ့ရက်များတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

နိုဝင်ဘာ ၁၆ ရက်တွင် ဒုတိယဝန်ကြီးသည် ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဝိဇ္ဇာ၊ သိပ္ပံနှင့် A.G.T.I ဒီပလိုမာသင်တန်းသား၊ သင်တန်းသူများကို ဩဝါဒစကားပြောကြားပြီး ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဒီဂရီကောလိပ် (ရန်ကုန်)၌ သင်တန်းသား၊သင်တန်းသူများကို စိစစ်အတည်ပြုပြီးပါက ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ လေးနှစ်၊ A.G.T.I ဒီပလိုမာ သုံးနှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလပြီးဆုံးပါက ဘွဲ့၊ ဒီပလိုမာများ အပ်နှင်းပေးပြီး ဝန်ကြီးဌာနများ၌ အကြီးတန်းစာရေးနှင့် အဆင့်တူ ရာထူးနေရာများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား မအူပင်မြို့၌ ကျင်းပ

မအူပင် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့် သီဆိုဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက ဖတ်ကြားသည်။

ထို့နောက် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်မှ ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဒေါ်ဆန်းယုမော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်၌ တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အအုံ တည်ဆောက်ပြီးစီး

**တောင်ကြီး နိုဝင်ဘာ ၁၇**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့၌ တည်ဆောက်လျက်ရှိသည့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အအုံ တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အအုံကို တာဝန်ယူတည်ဆောက်လျက်ရှိသည့် မိုးယံဝင့်ချီ ကုမ္ပဏီလိမိတက်မှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်သည် အေးချမ်းသည့်အတွက် ဤအဆောက်အအုံကို ပထမဦးဆုံး အကောင်အထည်ဖော်တည်ဆောက်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းစင်တာသည် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးအစပြုသည့် အမှတ်အသားတစ်ခုဖြစ်သဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်သွားရန် မှာကြားလိုပါကြောင်း၊ အဆောက်အအုံကို တာဝန်ယူတည်ဆောက်နေသည့် ကုမ္ပဏီအနေဖြင့်လည်း အခက်အခဲများရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများကို တင်ပြဆွေးနွေးနိုင်ပါကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အဆောက်အအုံတည်ဆောက်မှုနှင့် ပတ်သက်ပြီး မှန်ရမည်၊ မြန်ရမည်၊ Quality ကောင်းရမည်ဖြစ်ပါကြောင်း၊ မဲခေါင်-လန်ချန်း (၆)နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ဤအဆောက်အအုံသည် နိုင်ငံတော်၏ ပြယုဂ်တစ်ခုလည်းဖြစ်ပါကြောင်း မှာကြားသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းကိုတို့က ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာစင်တာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံတည်ဆောက်ပြီးစီးပါက ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်း၊ မိုဘိုင်းဖုန်းပြုပြင်သင်တန်းစသည်ဖြင့် သက်မွေးပညာကာလတိုသင်တန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်ကာ တိုင်းရင်းသားများအချင်းချင်း တွေ့ဆုံနှီးနှောဖလှယ်နိုင်မည့် အစည်းအဝေးများ၊ တွေ့ဆုံပွဲများနှင့် နေ့ထူးနေ့မြတ်အခမ်းအနားများကို ကျင်းပနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ဥက္ကလာမြို့နယ်တွင် သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၇**

ယနေ့ကာလတွင် သတင်းအတုသတင်းအမှားများကြောင့် မလိုလားအပ်သော ဖြစ်စဉ်များ ပေါ်ပေါက်လျက်ရှိသဖြင့် ကျောင်းသားလူငယ်များ သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေး၊ နိုင်ငံတော်မှ လူသားအရင်းအမြစ်များဖွံ့ဖြိုးရေးအတွက် ဘက်စုံမှ အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို နားလည်သိရှိရေးနှင့် မိဘဆရာများ၏ သွန်သင်ဆုံးမမှုကိုနာခံကာ ထူးချွန်ထက်မြက်သော လူငယ်များ ဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက အသိပညာပေးဟောပြောပွဲများကို အထက (၁) တောင်ဥက္ကလာ၌ နိုဝင်ဘာ ၁၄ ရက်တွင် လည်းကောင်း၊ အထက (၂) တောင်ဥက္ကလာ၌ နိုဝင်ဘာ ၁၅ ရက်တွင် လည်းကောင်း၊ အထက (၅) တောင်ဥက္ကလာ၌နိုဝင်ဘာ ၁၆ ရက်တွင် လည်းကောင်း ကျင်းပခဲ့သည်။



အဆိုပါ အထက်တန်းကျောင်း သုံးကျောင်း၏ အသိပညာပေးဟောပြောပွဲများသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးအောင်ပြည့်စုံ (အောင်ပြည့်စုံ)၊ ဦးရဲနိုင်စိုး၊ ဦးသက်နိုင်ဦး၊ ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမ္မူ)၊ ဦးနေလင်း (မောင်ချိုဝေ)နှင့် ဦးနေထွန်းဝင်း (နောင်ရဲဦး)တို့က ဆွေးနွေးဟောပြောကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၀၀ ကျော်ခန့် တက်ရောက်ကြသည်။ ထို့နောက် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက သတင်းမီဒီယာဆိုင်ရာနှင့် အခြားစာပေဗဟုသုတဖြစ်ဖွယ် သိမှတ်ဖွယ်ရာ စာအုပ်များကို အမှတ်တရ လက်ဆောင်အဖြစ်ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ် ဆရာကြီး ဆရာမကြီးများက လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျာပုံမြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

**ဖျာပုံ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ အထက (၁) ကျောင်းအောင်မြေခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက ဖတ်ကြားသည်။ ထို့နောက် အထက (၃)မှ ကျောင်းသား ကျောင်းသူများက ဓာတိမာန်သီချင်းဖြင့် လည်းကောင်း၊ အထက (၁)မှ ကျောင်းသူများက ကဗျာလွတ်အကဖြင့် လည်းကောင်း၊ အထက(၄)မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ (၁၀၂)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ် မြို့ပေါ် အထက ကျောင်းပေါင်းစုံ အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အဖြစ် ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကို ကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူလေးများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**၂၀၇**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အုန်းတောကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန် ဇေတဝန်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်ဟင်္သာတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ နေနတ်သားပရိယတ္တိ စာသင်တိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ခေမာသိဒ္ဓိမင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ ဝေပုလ္လကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဓမ္မဒူတတောရကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပုညဝတီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ (မြောက်)ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အရိယဝံသမြို့ဦး ပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ လေးမျက်နှာ ပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုယ်လက်လှုပ်ရှားအားကစား တို့များပီပြင် ပါဝင်စေချင်

ပြေအေးသက်

မကြာမီ မြန်မာနိုင်ငံ၏ ဒီဇင်ဘာအားကစားလပင် ရောက်ရှိတော့မည်ဖြစ်သည်။ အမှန်ကတော့ အားကစားလတွင်သာမက ကျန်သည့်လများတွင်လည်း အားကစားလှုပ်ရှားသင့်ပေသည်။ ထိုအချက်ကို သိနေသောတာဝန်ရှိသူများသည် ရေဒီယိုခေတ်ကတွင်ပင်မက ယခုတီဗွီခေတ်ထိတိုင်အောင် နံနက်ချိန်ခါ အားကစားလှုပ်ရှားမှု လေ့ကျင့်ခန်းများ ထုတ်လွှင့်ပြသတိုက်တွန်းလျက်ရှိနေသည်။ အချို့နိုင်ငံ၏ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ဝင်ချိန်မတိုင်မီ ကျန်းမာရေးလေ့ကျင့်ခန်းများလုပ်ပြီးမှသာ လုပ်ငန်းခွင်သို့ဝင်ကြသည်။ ထိုအခါ လုပ်ငန်းခွင်ဝင်မည့်သူများ၏ ကိုယ်စိတ်ကျန်းမာရေးသာမက လုပ်ငန်းခွင်အတွက်လည်း အကျိုးကျေးဇူးများစွာရရှိပြီး ကုန်ထုတ်လုပ်မှုပါ တိုးတက်စေကြောင်း အထောက်အထားများရှိပေသည်။

ကိုယ်လက်လှုပ်ရှားအားကစားသည် ကျန်းမာရေးနှင့် တိုက်ရိုက်အချိုးကျနေသည်ဟုဆိုလျှင် မှားမည်မထင်ပါ။ ကျန်းမာရေးအားနည်းလာပြီဆိုလျှင် ကိုယ်လက်လှုပ်ရှားပြုမှု နည်းပါးလာပြီဖြစ်ကြောင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရန် လိုလာပြီဖြစ်ကြောင်း ခန္ဓာကိုယ်က သတိပေးလာပြီဖြစ်သည်။ သတိပေးပုံအမျိုးမျိုးရှိနေသော်လည်း တချို့သတိပေးမှုများသည် ခပ်ဖြည်းဖြည်း ခပ်လေးလေး သာလာနေသဖြင့် လူတို့သည် လုပ်ငန်းကိုင်ငန်းများနှင့် ရှုပ်ထွေးနေမှုများကြောင့်မသိသာလှပါ။ သိသာလှသည့်အချို့အချက်များအနေဖြင့် ခါးများ ဝတုတ်လာခြင်းနှင့် လှုပ်ရှားမှုများနှေးကွေးလာခြင်းတို့သည် ကနဦးအချက်များဟုဆိုလျှင် မှားနိုင်မည်မထင်ပါ။

ထိုသို့ဆိုလျှင် ကိုယ်လက်လှုပ်ရှား လုပ်ရတော့မည်ဖြစ်သည်။ ဤသို့ဆိုလျှင် ဘယ်လိုကိုယ်လက်လှုပ်ရှားမှုတွေ လုပ်မလဲ။ ဘယ်လောက်လုပ်ရင်သင့်တော်မလဲ။ ကိုယ်လက်လှုပ်ရှားမှုနှင့်အညီ အစားအသောက်ကလည်း သင့်တင့်မျှတဖို့ရာ လိုအပ်လာသည်ဆိုသည်ကိုတော့ ဆွေးနွေးရန်လိုအပ်မည်ဟုထင်ပါသည်။ လူတို့သည် အစားအသောက်ကို အာဟာရဖြစ်ဖို့ထက် ဗိုက်ဝရန် စားကောင်းရန် ခံတွင်းတွေ့ရန်ကိုသာ ဦးစားပေးလျက်ရှိနေကြတော့သည်။ စားသောက်ဆိုင်များ မှိုလိုပေါက်နေသည့်အပြင် ညနေစာစားပွဲယဉ်ကျေးမှုကလည်း ထွန်းကားနေပေရာ စားသောက်ခြင်းအမှုကို လက်ခုပ်တီးအားပေးနေသလိုဖြစ်နေသည်။ ထို့ပြင် ဟော့ပေါ့အဝစားဆိုင်များကလည်း လူအများကို ပိုမိုစားသုံးစေဖို့ လက်ယပ်ခေါ်နေသလိုပါ။ အဝစားမှပေးရမည့်ငွေကြေးနှင့် လိုက်လျောညီထွေဖြစ်စေရန် လူများအစားပိုစားရန်ဖြစ်လာကြဟန်တူသည်။

## ကိုယ်လက်လှုပ်ရှားအားကစားပုံရိပ်များ

ရှေးမြန်မာဘုရင်များလက်ထက်တွင် ဆင်ခင်း၊ မြင်းခင်း၊ လှေခင်းတို့နှင့်အတူ ဆင်ရေး၊ မြင်းရေး၊ လှေထိုးလှေလှော်များသာမက လက်လှဲ၊ နပန်း၊ လက်ဝှေ့၊ ဓားခုတ်၊မြားရေး၊ လှံရေးတို့အပြင် ပြည်သူအကြားတွင် လှေလှော်၊ ခြင်းလုံး၊ လွန်ဆွဲ စသည့်အားကစားတို့သာမက ကလေးသူငယ်များကြားတွင် ကစားခုန်စား ရိုးရာအားကစားနည်းများထွန်းကားခဲ့ကြသည်။ ဇာတိမာန် ဇာတိသွေးတို့ဖြင့် စိတ်ဓာတ်တက်ကြွဖွယ်ရာ လှုပ်ရှားမှုများအားလုံးတို့သည် ကိုလိုနီခေတ်နှင့်အတူ ကွယ်ပျောက်ခဲ့ကြရသည်။ အားကစားသည်လည်း အခြားအရေးများနည်းတူစွာမျက်နှာငယ်ခဲ့ရပေသည်။

လွတ်လပ်ရေးမရခင်က မြန်မာလူမျိုးထဲမှ ပထမဦးဆုံးသော အိုလံပစ်ပြိုင်ပွဲဝင်ခဲ့သူ အလေးမအားကစားသမား ဦးဇော်ဝိတ်နှင့် နည်းပြ ကာယဗလဦးရှိန်တို့သည် ၁၉၃၆ ခုနှစ် ဘာလင်အိုလံပစ်ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း အိန္ဒိယအားကစားသမားအဖွဲ့ဝင်အဖြစ်သာ သွားရောက်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။ ဦးဇော်ဝိတ်သည် ကိုလိုနီခေတ် သခင်နိုင်ငံရေးသမားများနှင့်အတူ ကာယဗလအားကစားကို မြန်မာလူငယ်များလိုက်စားအောင် လှုံ့ဆော်ခဲ့သည်။ လွတ်လပ်ရေးရပြီးချိန်တွင်မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် လန်ဒန်အိုလံပစ်ကို မြန်မာအားကစားသမားများ သွားရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်။

ထို့နောက်တွင်တော့ ၁၉၆၂ ခုနှစ်တွင် ဒုတိယအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပြီး နိုင်ငံအလိုက်တွင် ပထမနေရာရရှိအောင်မြင်ခဲ့သည်။ ၎င်းနောက် ၁၉၆၉ ခုနှစ်တွင် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။ နိုင်ငံအလိုက် အဆင့်တွင် ပထမနေရာအား ထိုက်တန်စွာထပ်မံရယူနိုင်ခဲ့သည်။ ထပ်မံ၍ ၂၀၁၃ ခုနှစ်တွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို တတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခဲ့ပြီး နိုင်ငံအလိုက်အဆင့်တွင် ဒုတိယရရှိခဲ့သည်။

အဆိုပါ အားကစားပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားပေါင်း ၄၇၃၀ ခန့်က အားကစားနည်း ၃၃ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် အားကစားသမား ၉၉၀ ဖြင့် နိုင်ငံ ၁၁ နိုင်ငံတွင် အင်အားအများဆုံးဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်။ မီးရှူးတိုင်ကို ရန်ကုန်မြို့အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ရှေ့မှ စတင်ထွန်းညှိခဲ့ပြီး ဖွင့်ပွဲကျင်းပရာ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိရာ ပင်မမီးရှူးတိုင်အထိ ကီလိုမီတာ ၃၂၀ သယ်ဆောင်ခဲ့သည်။ ပင်မမီးရှူးတိုင်ကို မြားပစ်အားကစားနည်းဖြင့် ပစ်လွှတ်၍ ထွန်းညှိခဲ့ကြသည်မှာ ရှေးအခါက ဆင်ရေး၊ မြင်းရေး၊ လှံရေး၊ မြားရေးတို့ကို သတိရဖွယ်ဖြစ်ခဲ့ရပေသည်။

## တစ်ကိုယ်ရေကိုယ်လက်လှုပ်ရှားမှု

တစ်ကိုယ်ရေကိုယ်လက်လှုပ်ရှားမှုသည် မိမိကိုယ်ကို ကျန်းမာရေးတည်ဆောက်ခြင်းပင်ဖြစ်သည်။ သည်ထက်ထူးချွန်သူများကတော့ အဆင့်ဆင့်တက်၍ နိုင်ငံတော်အဆင့်အထိ တက်ရောက်ယှဉ်ပြိုင်ကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည်ဖြစ်သည်။ တစ်ကိုယ်ရေကျန်းမာရေးသည်ပင် နိုင်ငံတည်ဆောက်ရေးဟုအဓိပ္ပာယ်ယူ၍ရသဖြင့် ကိုယ့်ကိုယ်ကိုယ်ကျန်းမာအောင်နေခြင်းသည်ပင် နိုင်ငံကို အထောက်အကူပြုသောလုပ်ဆောင်မှုဟုဆိုရမည်။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသောနိုင်ငံသားတိုင်း ကိုယ်လက်လှုပ်ရှားမှုများပြု၍ မိမိကိုယ်ကို ကျန်းမာအောင်နေထိုင်ခြင်းသည် တစ်နည်းအားဖြင့် နိုင်ငံကို ကျန်းမာသောစိတ်၊ လန်းဖြာသောကိုယ်တို့ဖြင့် နိုင်ငံ့တာဝန်ကို ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြခြင်းဟုဆိုရလျှင် မှားမည်မထင်ပါ။

ကျန်းမာသောသူတစ်ယောက်အဖို့ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခဆိုသည့် သုခကြီးသုံးပါးနှင့်ပြည့်စုံကြရာ နိုင်ငံသည်လည်း သုခအပေါင်းနှင့် ပြည့်စုံသောဘုံဗိမာန်ဟု ဆိုရချေမည်။ ထို့အတွက်ကြောင့် တစ်ကိုယ်ရေတစ်ကာယ ကျန်းမာကြံ့ခိုင်ရေးဂရုစိုက်ကြရခြင်းပင်ဖြစ်သည်။ လူတိုင်းပင် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းတို့ လိုချင်ကြပေသော်လည်း မကျန်းမာခဲ့ပါက ကျန်သည့်အရာနှစ်ခုတို့ အလကားဖြစ်ရချေသည်။ ကျန်းမာရေးချို့တဲ့လာပါက စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲသာမက လုပ်ငန်းလစ်ဟင်းမှု၊ ငွေကြေးကုန်ကျမှု၊ လူမှုရေးဝန်တာများပါ မကျေပွန်မှုတို့ ဖြစ်ပေါ်လာနိုင်ပေရာ စိတ်နှင့်ကိုယ်ကျန်းမာရေးမှာ အထူးဂရုထားရပေမည်။ အာရောဂျံ ပရမံလာဘံ ဆိုသည့်အတိုင်း ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပင်ဖြစ်ချေတော့သည်။

## ကျန်းမာခြင်းသည် လာဘ်တစ်ပါး

လူတွင် ကျန်းမာရေးမကောင်းက အသက်မရှည်နိုင်ပါ။ အသက်ထက် အရေးကြီးသောအရာမရှိသဖြင့် အသက်ကိုထိခိုက်နိုင်သော ကျန်းမာရေး၏ရေသောက်မြစ်ဖျားခံရာတွင် ရောဂါဘယများရှိသလို ထိုရောဂါဘယများ မမှီခိုနိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားမှုသည်လည်း အဓိကနေရာမှ ပါဝင်ကြောင်းတွေ့ရှိရသည်။ ကိုယ်၏လက်ဝယ်ပိုင်ပိုင်နိုင်နိုင်ရရှိထားသည့် ကျန်းမာခြင်းဆိုသည့် လာဘ်တစ်ခုကို အခြားမည်သည့်အရာနှင့်မျှ လဲလှယ်ရန်မှာ မပြုလုပ်သင့်ဟု ယုံကြည်ရသော်လည်း ကိုယ်အပါအဝင် လူအများသည် လောဘ၊ ဒေါသ၊ မောဟနောက်ကို လိုက်ကြရင်းနှင့် မိမိတွင်ရှိနေသောလာဘ်ကို မေ့နေကြသည်။

ကမ္ဘာကြီးကလည်း ခေတ်အလိုက် လူများကို လက်ဆောင်သဖွယ် ကပ်ဆိုးရောဂါများကို ပေးဝေလျက်ရှိရာ ကာလဝမ်းရောဂါ၊ အဆုတ်နာတီဘီရောဂါ၊ ကျောက်ရောဂါ၊ အနာကြီးရောဂါ၊ ငှက်ဖျားရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ ပိုလီယိုရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ ကိုဗစ်-၁၉ ရောဂါ စသည်ဖြင့် လူများကို ဒုက္ခအမျိုးမျိုးပေးလျက်ရှိသည်။ ထိုရောဂါအမွေဆိုးများသည် လူသားများ၏နဂိုရှိပြီးသားရောဂါများအပြင် အဆစ်ထည့်ပေးသည့်ရောဂါများအဖြစ် ထပ်ပေါင်းပေးနေသဖြင့် လူသားများကို ရှိပြီးဒုက္ခများအပြင် ထပ်ပိုးဒုက္ခများဖြင့် အရောင်ဆိုးလျက်ရှိသည်။ လူသားတို့အနေဖြင့် ထပ်ပိုးရောဂါများကြောင့် အသက်ဆုံးရှုံးရမှုများ ပိုမိုများပြားနေသဖြင့် သတိကို နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းထားပါမှသာ ရောဂါဘယဖြစ်ပွားခြင်းမှ လွန်မြောက်ဖြတ်သန်းနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ✳



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဒီဇင်ဘာလပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

❛ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည်မဟုတ်ပါလော။ ကိုယ်လက်လှုပ်ရှားအားကစားကို ဘယ်အချိန်မှာ စလုပ်ရပါ့မလဲဟုမေးလျှင် သင်ယခုအားကစားလုပ်ရန် သတိရသောအချိန်မှ စလုပ်ပါဟု ဆိုရပါချေမည်။ မည်သည့်အားကစားမျိုး "စ" ကစားရမလဲမေးသော် အကုန်အကျနည်း စရိတ်စကမထူသောလမ်းလျှောက်ခြင်းအားကစားဟု ဆိုရပေမည်။ အချိန်နှင့်နေရာဟု ထပ်၍အမေးရှိသော် အိမ်တွင်း/ အိမ်ပြင်ဟုဆိုရပါမည်။ လျှောက်နိုင်သလောက်မှစပြီး ကိုယ့်အချိန်အဆနှင့်ကိုယ်ဟုဆိုရပါမည်။ လုပ်နေရန်က အဓိကပင်ဖြစ် ❜

# မြိတ်မြို့ သီတဂူ ဇီဝိတဒါန စက္ခုဒါနဆေးရုံတော်ဖွင့်လှစ်ပြီး ရဟန်း၊ ရှင်၊ လူ၊ ပြည်သူ မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေး

မြိတ် နိုဝင်ဘာ ၁၇

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော်ကြီး၏ဦးဆောင်မှုဖြင့် ခုနစ်ရက်သားသမီးအလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် သိန်းပေါင်း ၄၅၀၀ ကျော်နှင့် ဆေးရုံတော်အတွင်း တပ်ဆင်အသုံးပြုရန် သီတဂူဆရာတော်ကြီးလှူဒါန်းသည့် စက်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ တစ်သိန်းခွဲတို့ဖြင့် တည်ဆောက်တပ်ဆင်ပြီးစီးခဲ့သော မြိတ်မြို့ သီတဂူ ဇီဝိတဒါန စက္ခုဒါနဆေးရုံတော်ကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ပြီး မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိသည်။



သီတဂူ ဇီဝိတဒါန စက္ခုဒါနဆေးရုံတော်ကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးရုံတော်ကမ္ပည်းမော်ကွန်းလွှာကို ကမ္ဘာ့သာသနာပြု ရွှေကျင်နိကာယသာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဆရာတော်ကြီးနှင့်အတူ ဆရာတော်များက မော်ကွန်းလွှာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒ မြိတ်မြို့ မော်တောင်ပရိယတ္တိစာသင်တိုက်ဆရာတော်က သီတဂူ ဇီဝိတဒါန စက္ခုဒါနဆေးရုံတော်ကြီး ဖြစ်ပေါ်လာရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သီတဂူဆရာတော်ကြီးထံ ဂါရဝပြု ကျေးဇူးတင်လွှာ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီတဂူစက္ခုဒါနဆေးရုံများတွင် ၄၉ ရုံမြောက် ဆေးရုံဖြစ်သည့် မြိတ်မြို့ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံတော်ကြီး၏ စာရွက်စာတမ်းအထောက်အထားများကို သီတဂူဆရာတော်ကြီးက ဆေးရုံတော်စီမံစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းထံ လွှဲပြောင်းပေးအပ်ပြီး ဆရာတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မြိတ်မြို့ သီတဂူ ဇီဝိတဒါန စက္ခုဒါနဆေးရုံတော်ဖြစ်မြောက်ရေးအတွက် လှူဒါန်းထားကြသည့် အလှူရှင်များနှင့် ပရဟိတအဖွဲ့များကို သီတဂူဆရာတော်ကြီးက ဂုဏ်ပြုမော်ကွန်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆေးရုံတော်အတွင်း ရဟန်း၊ ရှင်၊ လူ ပြည်သူများအား သီတဂူဆရာတော်ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများက မျက်စိရောဂါဝေဒနာ များအား စမ်းသပ်ခွဲစိတ်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုခဲ့ကြပြီး ခွဲစိတ်ထားသည့် ဝေဒနာရှင်များကို အားပေးစကား ပြောကြားခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

✳ စာမျက်နှာ ၆ မှ

**အားမှကစားပါ**

အားမှကစားပါဆိုပြီး နောက်ပြောပြောနေသော စကားတစ်ရပ်သည် လူမှုလောကတွင် အတော်တွင်ကျယ်ခဲ့ပြီး ထိုစဉ်က နှုတ်ဆက်ပဋိသံသာရစကားတွင် "လှလို့ဝလို့ပါလား" ဆိုပြီး ခေတ်စားခဲ့သေးသည်။ မိမိကိုယ်နှိုက်ကိုယ်က ပုံ့တုံ့တုံ့ဖြစ်နေသောဗိုက်ကလေးကို ဂုဏ်ယူဝင့်ကြွားစွာနှင့် ရှေ့သို့ပစ်၍ လမ်းလျှောက်ခြင်းကို ဂုဏ်ယူခဲ့ဖူးသည်။ မိမိနှင့်အတော်အတန်ခင်သော ကျောင်းနေဖက်သူငယ်ချင်းခပ်ဝဝတစ်ယောက်ကလည်း "ဟော့ကောင်စားနိုင်လို့ဝတာကွ။ မစားနိုင်တဲ့မောင်တွေမဝဘူး"ဟုဗိုက်ဗိုက်ငြိုကာဖွင့်ခဲ့ရာ မိမိမှာအားရွှင်လန်းမိခဲ့ဖူးသည်။ ယခုအခါများတွင် အချိန်အခါများပြောင်းလဲကုန်ပြီဖြစ်၍ ပူနေသောဗိုက်ကို လက်ဖြင့်အသာဖုံးရင်း ဖြတ်သန်းရသောနေ့ရက်များ များပြားလာသောအခါနှင့် ရောဂါဆိုးတို့ ကပ်ငြိမှုကို ခံယူလာရသောအခါ ဝိတ်လျှော့ခြင်း၊ ကျန်းမာရေးကို ဂရုစိုက်လာရခြင်းတို့ ဖြစ်လာရပေသည်။

အားမှကစားခြင်းမျိုးမဟုတ်ပါဘဲ တကယ်ကြီးကို အစားအသောက်မျှတစွာနှင့် နိုင်သလောက်အားကစားလေးတို့ကို တွဲလုပ်ဖြစ်လာသည်။ ထိုအခါ မိမိကိုယ်တွင် အခါကာလများစွာ အကျအနနေရာယူခဲ့သော ကိုရွှေဗိုက်သည် တဖြည်းဖြည်းနှင့်နေရာပျောက်ရချေပြီ။ ယခင်က မတော်တော့သောအင်္ကျီနှင့်ဘောင်းဘီတို့သည် မိမိထံတွင် နေရာပြန်ယူလာပြီး လှုပ်ရှားမှုများ ဖျတ်ဖျတ်လတ်လတ်ဖြစ်ကာ နေလို့ထိုင်လို့ စားလို့သောက်လို့ကောင်းသည့်အနေသို့ ပြန်လည်ရောက်ရှိလာနေပြီဖြစ်သည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုမိုကောင်းမွန်သည် မဟုတ်ပါလော။ ကိုယ်လက်လှုပ်ရှားအားကစားကို ဘယ်အချိန်မှာ စလုပ်ရပ့ါမလဲဟုမေးလျှင် သင်ယခုအားကစားလုပ်ရန် သတိရသောအချိန်မှ စလုပ်ပါဟု ဆိုရပါချေမည်။ မည်သည့်အားကစားမျိုး "စ" ကစားရမလဲမေးသော် အကုန်အကျနည်း စရိတ်စကမထူသောလမ်းလျှောက်ခြင်းအားကစားဟု ဆိုရပေမည်။ အချိန်နှင့် နေရာဟု ထပ်၍အမေးရှိသော် အိမ်တွင်း/ အိမ်ပြင်ဟု ဆိုရပါမည်။ လျှောက်နိုင်သလောက်မှစပြီး ကိုယ့်အချိန်အဆနှင့်ကိုယ်ဟု ဆိုရပါမည်။ လုပ်နေရန်ကအဓိကပင် ဖြစ်မည်ထင်သည်။

**အစားအစာ ဝါးစားပါ**

ငယ်ငယ်က သင်ခန်းစာပါ စကားလေးကို သတိရမိပြန်ပါသည်။ အလုပ်တာဝန်အရသော်လည်းကောင်း၊ အခြားကိစ္စများအရသော်လည်းကောင်း ထမင်းကိုညက်အောင်မဝါးစားမိသည့် အကြိမ်များ၊ အနပ်များ များစွာရှိခဲ့ပါမည်။ အစာစားရာမှာ အစာကိုကြေညက်အောင်ဝါးပြီးမျိုချမှသာ ဝမ်းဗိုက်ထဲမှ အစာချေဖျက်မှုအင်္ဂါများကို အထောက်အကူပြုရာရောက်မှာပါ။ ထို့ကြောင့် ရှေးဆိုရိုးတွင် အစားအစာကို "ဆာမှစား ညက်အောင်ဝါး"ဟု ဆိုခဲ့သည်ကို သတိရမိသည်။ အူလမ်းကြောင်းသည် ၁၅ မိုက်ခရိုမီတာ (၁ မီလီမီတာကို ၁၀၀၀ စိတ်-၁၅ စိတ်စာ) အောက်အရွယ်မှသာ ကောင်းစွာစုပ်ယူနိုင်သည်။ သည့်ထက်အရွယ်ကြီးမားသောအစာများကို အူမှစုပ်ယူနိုင်ခြင်းမရှိသည့်အတွက် ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ရမည်။ အစာကိုကြေညက်အောင်မဝါးလျှင် စားလိုက်သောအစာ၏ ၁၀ ပုံတွင် သုံးပုံလောက်သာ ခန္ဓာကိုယ်မှစုပ်ယူနိုင်မည်။ ထိုအခါ စားသမျှ အာဟာရမဖြစ်ဟု ဆိုရချေမည်။

အစာကိုကြေညက်စွာ ဝါးစားခြင်းဖြင့် အရသာခြောက်ပါးခွဲစိတ်၍ အာရုံကြောများမှတစ်ဆင့် ဝမ်းတွင်းအစာအိမ်သို့မရောက်မီ ဩဇာဓာတ်အစွမ်းများကို ပျံ့နှံ့စေသည်။ ဩဇာဓာတ်ကို "ဩဇောတိ တိက္ခစဏ သဘာဝေါ"ဟု ဆိုရိုးရှိရာ အစားအစာကို ကြာကြာဝါးမှ ဩဇာပွားမည်။ ဩဇာပွားမှ ထက်မြက်မှုအကျိုးရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုဩဇာဓာတ်များသည် ခန္ဓာကိုယ်အတွက် လွန်စွာသန့်ရှင်းခြင်း၊ အလွန်အမင်းအစွမ်းထက်ခြင်း၊ လျင်မြန်စွာပျံ့နှံ့ခြင်း၊ လျင်မြန်စွာခွန်အားရှိခြင်း စသည့်ကောင်းကျိုးများကိုပေးသည်။ အစာတော့စားပါရဲ့ နည်းလမ်းမမှန်ဘူးဆိုလျှင်လည်း ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရများကို ပေးစွမ်းနိုင်မည်မဟုတ်ပါ။ ကျန်းမာအသက်ရှည်ရန် အစာစားနည်းကလည်း အရေးကြီးလှပေသည်။

**အသက် ၁၂၀ ရှည်စေသော်ဝ်**

အသက်ရှည်စွာ အနာမဲ့ခြင်း၏အချက်များမှာ **ကိုယ်လက်လှုပ်ရှားမှုအားကစားနှင့်အတူ အစားအသောက်များကို ရွေးချယ်စားသောက်မှုနှင့် နည်းလမ်းတကျစားသောက်နေထိုင်မှုစနစ်တို့ကလည်း အထောက်အကူပြုနေပြီး ကျန်းမာသောခန္ဓာကိုယ်က လန်းရွှင်သောစိတ်ကို ဖြစ်စေနိုင်သည်မို့ မြန်မာနိုင်ငံ၏ ၂၀၂၁ ခုနှစ် မျှော်မှန်းသက်တမ်း ၆၇ ဒသမ ၈ ကို ကျော်လွှားသွားနိုင်မှာပါ။ နိုင်ငံတစ်နိုင်ငံ၏လူသားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းကို တိုင်းတာသည့်နေရာတွင် အကြောင်းအရာသုံးခုကိုအခြေခံပြီး တိုင်းတာရာမှာ နိုင်ငံသားများ၏ သက်ရှည်ကျန်းမာမှုအခြေအနေ Long and Healthy Life ကလည်း ရှေ့တန်းမှပါဝင်နေပါသည်။ မျှော်မှန်းသက်တမ်းမြင့်မားစေရေးအတွက် လွှမ်းမိုးနေသည့်အချက်များကို တာဝန်ရှိသူများနှင့်ကိုယ်တိုင်ကပါ ပါဝင်လှုပ်ရှားကြရန် လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးနေမှုက သိသာထင်ရှားနေပြီဖြစ်ပါ၍ လက်တွဲညီညီရှေ့သို့ချီကြရမည်ဖြစ်ပါသည်။**

ဒီဇင်ဘာအားကစားလနှင့်နီးကပ်လာချိန်ဖြစ်၍ စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့ဆိုသည့် လူထုလှုံ့ဆော်တေးသံလေးကို အထူးသတိရမိသည်။ ထိုတီးလုံးလေးကို ငယ်စဉ်ကပင် စွဲမြဲခဲ့သည်မှာ ခုနေကာလထိပင် အမှတ်ရနေမိသည်။ လမ်းလျှောက်ခြင်းကို ဒီဇင်ဘာလသာမက ကျန်လများတွင်ပါ လိုက်နာကျင့်သုံးမည်ဆိုပါက ဆေးရုံ၊ ဆေးခန်းနှင့် ခပ်ဝေးဝေးတွင်နေနိုင်မည်ဖြစ်သည်။ မိမိသည်လည်း အထိုင်များသောအလုပ်မို့ အနီးကိစ္စကိုတော့ ထိပ်တန်းအရေးကြီးကိစ္စပမာဆောင်ရွက်သွားရန် ရင်ထဲတွင် ကိုယ့်ဘာသာကိုယ် အဓိဋ္ဌာန်ပြုနေမိသည်။ "နောက်မကျသေးပါ၊ အခုစလျှင်ပင် ပထမ" ဟု မိမိ၏အသက်၁၂၀ ရှည်စေသော်ဝ်ဆိုသည့် ဓာတာပါ အတိုင်း အသက်ရှည်စွာ အနာမဲ့စေကြောင်းကို အထောက်အကူပြုမည့် "ကိုယ်လက်လှုပ်ရှားအားကစားတို့များပီပြင် ပါဝင်စေချင်" ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# အင်းစိန်မြို့နယ်၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အထက (၁) အင်းစိန် ရောဝတီခန်းမ၌ ကျင်းပသည်။ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာအား ဖတ်ကြားပြီး (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ဆုများရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်**

ဆက်လက်၍ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းနှင့် ဓာတိမာန်သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြပြီး ဂုဏ်ပြုသီဆိုဖျော်ဖြေကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က ဂုဏ်ပြုဆုငွေများ ပြန်လည်ပေးအပ်သည်။

**တာဝန်ရှိသူများ တက်ရောက်**

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။



**ဉာဏ်ဟိန်း**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ Rosatom လက်အောက်မှ (Electric Vehicles and Energy Storage Systems ) Battery ထုတ်လုပ်သည့် RENERA ကုမ္ပဏီသို့ သွားရောက်လေ့လာ



**နေပြည်တော် နိုဝင်ဘာ ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ Rosatom လက်အောက်ရှိ(Electric Vehicles and Energy Storage Systems) Battery ထုတ်လုပ်သည့် RENERA ကုမ္ပဏီသို့ သွားရောက် လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Rosatom လက်အောက်ရှိ (Electric Vehicles and Energy Storage Systems) Battery ထုတ်လုပ်သည့် RENERA ကုမ္ပဏီမှ ထုတ်လုပ်ထားသော Energy Storage System (Commercial power management modula)များအား ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို အသေးစိတ် မေးမြန်းကြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် Director of Business Development ဖြစ်သူ Natalia G. Leonteva က စက်ရုံ၏သမိုင်းအကျဉ်း၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ Lithiun Iron အား အခြေခံ၍ Battery ထုတ်လုပ်ဆောင်ရွက်နေမှု၊ စက်ရုံအနေဖြင့် လျှပ်စစ်မော်တော်ကားများ တိုးချဲ့ထုတ်လုပ်ရန် စီစဉ်ထားရှိမှု၊ ၂၀၂၄ ခုနှစ်တွင် 4 GW အထိ ထုတ်လုပ်ရန် ရည်ရွယ်ဆောင်ရွက်နေမှု၊ စက်ရုံများမှ ထုတ်လုပ်လျက်ရှိသည့် Battery များကို အသုံးပြုနေမှု၊ Battery များ၏ စွမ်းအင်သိုလှောင် သိမ်းဆည်းမှုနှင့် လုံခြုံစိတ်ချမှုပိုင်းဆိုင်ရာများ၊ နေရောင်ခြည်စွမ်းအင်နှင့် လေအားလျှပ်စစ် စသည်တို့မှ ရရှိသည့် လျှပ်စစ်ဓာတ်အားများအား Energy Storage System (ESS)ဖြင့် တွဲဖက်အသုံးပြုမှုစနစ်များ၊ ESS များ၏ စွမ်းဆောင်နိုင်မှုအရဓာတ်အား အများအပြားအသုံးပြု ဆောင်ရွက်နေသော စက်ရုံအလုပ်ရုံများတွင် စွမ်းအင်အား အကျိုးရှိစွာ အသုံးပြုနိုင်မှုနှင့် တည်ငြိမ်စွာ အသုံးပြုနိုင်မှုများ၊ စက်ရုံထုတ် Battery များဖြင့် စက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ လျှပ်စစ်ကားများ စသည်တို့၌ တွင်ကျယ်စွာအသုံးပြုလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက ယခုကဲ့သို့ အလေးထား ရှင်းလင်းပြောကြားမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ပိုင်းဆိုင်ရာများနှင့် စက်မှုလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုဆိုင်ရာကိစ္စရပ်များ အပါအဝင် အခြားကိစ္စရပ်များနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင် Renewable Energy အဖြစ် ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိသော နေရောင်ခြည်နှင့် လေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံများအတွက် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ဓာတ်အားတည်ငြိမ်စွာ ဖြန့်ဖြူးဆောင်ရွက်ရာတွင် Lithiun Iron ကို အခြေခံ၍ ဆောင်ရွက်ထားသော Energy Storage Systems(ESS) မှာ အထူးလိုအပ်သောစနစ်တစ်ခုဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော လျှပ်စစ်သုံးမော်တော်ယာဉ်များ (Electric Vehicles – EV) အသုံးပြုဆောင်ရွက်နိုင်ရေးတွင်လည်း မော်တော်ယာဉ်၏ အဓိက အစိတ်အပိုင်းဖြစ်သော Battery မှာ Lithiun Iron ဖြင့်ဆောင်ရွက်ခြင်းဖြင့် Battery ၏ သက်တမ်းနှင့် စွမ်းဆောင်နိုင်မှုမှာ များစွာမြင့်မားကြောင်း သိရှိရသဖြင့် ရုရှား-မြန်မာ နှစ်နိုင်ငံ လျှပ်စစ်စွမ်းအင်ကဏ္ဍ၌ ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် Leningradskiy မီးရထားဘူတာရုံမှ တစ်ဆင့် Speed train 772 A အမြန်ရထားဖြင့် Saint Petersburg သို့ ဆက်လက်ထွက်ခွာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ဒဂုံမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

(၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ကျင်းပသည်။

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှပေးပို့သည့် (၁၀၂) နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဖတ်ကြားသည်။

ဆက်လက်၍ (၁၀၂)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့နှင့် ပတ်သက်၍ တိုင်းဒေသကြီး ပညာရေးမှူးက ရှင်းလင်းတင်ပြပြီး မြို့မကျောင်းသားဟောင်း ဦးညွန့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီကာတွန်း၊ ပိုစတာပြိုင်ပွဲတို့တွင် ဆုရကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့မကျောင်းသားဟောင်းများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

**ဂုဏ်ပြုချီးမြှင့်**

ယင်းနောက် အမှတ်(၂) အခြေခံပညာအထက်ကျောင်း (မြို့မ) ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သီဆိုဖျော်ဖြေကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး မြို့မကျောင်းသား ကျောင်းသူဟောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ဆုရကျောင်းသား ကျောင်းသူများ၏ စာစီစာကုံး၊ ပန်းချီကာတွန်း၊ ပိုစတာများကိုလှည့်လည်ဖတ်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## (၁၀၂) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော် မုံရွာ၌ကျင်းပ

**မုံရွာ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်း ဒေသကြီး အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (အလုံ) မှ ဘင်ခရာအဖွဲ့အား ငွေကျပ် ငါးသိန်းပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီးအတွင်းရှိစက်မှုဇုန်လေးဇုန်မှ ထုတ်လုပ်သည့် လူသုံးကုန်ပြခန်း၊ အိမ်သုံးကုန်ပြခန်း၊ စားသောက်ကုန်ပြခန်း၊ ချည်ထည်နှင့် အထည်လိပ်ပြခန်း၊ ပရိဘောဂပြခန်း၊ ရော်ဘာနှင့် ပလတ်စတစ်ပြခန်း၊ တိုင်းရင်းဆေးဆိုင်ရာပြခန်း၊ ကျောက်အချောထည်ပြခန်း၊ လယ်ယာသုံးစက်ကိရိယာပြခန်းတို့ကို လိုက်လံကြည့်ရှုအားပေးကာ ပြခန်းနှင့်ဈေးရောင်းပွဲတော်သို့ လာရောက်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

**ပြသရောင်းချ**

အဆိုပါတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ ဈေးဆိုင်ခန်းပေါင်း ၄၀ ကျော်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်လေးဇုန်မှ ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်း ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# MSMEs လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးနှီးနှောဖလှယ်ပွဲ ဘားအံမြို့၌ ကျင်းပ



ဘားအံ နိုဝင်ဘာ ၁၇

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ပင်မကျောရိုးလုပ်ငန်းများဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးဆိုင်ရာ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အဓိကလိုအပ်ချက်ဖြစ်သော ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များ ပြည့်စုံအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ကျင်းပသည့် MSMEs လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးနှီးနှောဖလှယ်ပွဲတွင် ပြောကြားသည်။

ထို့နောက် NEI Founder ဒေါ်ရည်မွန်စုက MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေ့အကျင့်ကောင်းများရရှိစေရေး၊ မွန်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးခိုင်ဦးက စပါး အခြောက်ခံစက်၊ Silo(သိုလှောင်ပုံ) နည်းစနစ်အကြောင်း၊ မွန်ပြည်နယ် ကုန်စည်ဒိုင်အသင်းနှင့် ပဲ၊နှမ်းအသင်းဥက္ကဋ္ဌ ဦးအောင်မျိုးမင်းက ကုန်စည်ဒိုင်များအကြောင်း သိကောင်းစရာ၊ မြဝတီကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူးက နယ်စပ်ကုန်သွယ်ရေးအကြောင်း၊ ရိုးမဘဏ်(မန်နေဂျာ)က SME ချေးငွေဆိုင်ရာများ၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသတွင်း စိုက်ပျိုးရေးထွက်ကုန်များ၊ စက်မှုဇုန်ဒေသဆိုင်ရာကော်မတီအတွင်းရေးမှူးက ဘားအံစက်မှုဇုန်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ဒေသတွင်း MSMEs လုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် မရှင်းလင်းသည်များကို အပြန်အလှန်မေးမြန်း၍ နှီးနှောဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို တတိယနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများ အလိုက် သက်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ကျင်းပသည်။

**ယှဉ်ပြိုင်ကစား**

တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ် အားကစားခန်းမ၌ ၅၄ ကီလို၊ ၆၇ကီလိုလူသစ်တန်း (အကြိုဗိုလ်လုပွဲ)များ၊ ၅၁ကီလို(က)အဆင့်၊ ၆၀ကီလို (က) အဆင့်၊ ၇၁ကီလို (က)အဆင့်၊ ၈၀ကီလို (က) အဆင့် (အကြိုဗိုလ်လုပွဲ)များ၊ ၅၁ကီလို အလွတ်တန်း (အကြိုဗိုလ်လုပွဲ) ပွဲစဉ်များကို လည်းကောင်း၊ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြေးခုန်၊ ပစ်ပြိုင်ပွဲမှ အမျိုးသား အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး ၁၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ မီတာ ၁၀၀ ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ အလျားခုန်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးမီတာ ၈၀၀ ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲ၊ ၁၀ မျိုးစုံ တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ လူရွေးပွဲနှင့် ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(A)၌ အမျိုးသား အမျိုးသမီး ကီလိုတန်းအလိုက် ရှုံးထွက်ပွဲစဉ်များကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(B)၌ အမျိုးသား အမျိုးသမီး အုပ်စုပတ်လည်ပြိုင်ပွဲများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ နှစ်ယောက်တွဲ အသင်းလိုက်အုပ်စုပတ်လည်ပွဲစဉ်များနှင့် ကရာတေးဒိုပြိုင်ပွဲတွင် လူသစ်တန်း ၈၄ ကီလိုတန်း အထက် ကုမိတဲ့ပြိုင်ပွဲ၊ အကြီးတန်း၅၅ ကီလိုအောက်၊ ၆၀ကီလိုအောက်၊ ၆၇ကီလိုအောက် ကုမိတဲ့ ပြိုင်ပွဲများကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

**အကြိုဗိုလ်လုပွဲ**

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(က)အဆင့် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)ဘောလုံးအသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က) ဘောလုံးအသင်းတို့သည် ယနေ့ ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က) ဘောလုံးအသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က) ဘောလုံးအသင်းကို လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(က) အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က) ဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု(က) ဘောလုံးအသင်းတို့ကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ခ)အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ) ဘောလုံးအသင်းနှင့်အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ) ဘောလုံးအသင်းတို့ကလည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ကျိုင်းတုံမြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

ကျိုင်းတုံ နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ (၁၀၂)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာကို ပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်က ဖတ်ကြားပြီး ပြည်နယ်ပညာရေးမှူးရုံးခွဲ(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ညိုညိုနှင့် တာဝန်ရှိသူများက (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၇

တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ချောင်းဝ ကျေးရွာရှိ ဆိုင်ကလုန်း ရုပ်တာတွင် အခြေပြု၍ ဒေသခံ ပြည်သူ ၂၉၀ အား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။



**လိုအပ်သည့်ဆေးဝါးကုသ**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကု သမှုဆိုင်ရာ ရောဂါ ၉၇ ဦး၊ ခွဲစိတ်ရောဂါ ရှစ်ဦး၊ သားဖွား/မီးယပ်ရောဂါ ခုနစ်ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၈၆ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ကိုးဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၇ ဦး စုစုပေါင်း ၂၉၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ လေးဦးနှင့် ECG ဖြင့် နှလုံးစမ်းသပ်လူနာ ခြောက်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111 ” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**




## မော်ဘီမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

မော်ဘီ နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှပေးပို့သော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

ဆက်လက်၍ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် မော်ဘီမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းများအနက် အ.ထ.က (ဝါးနက်ချောင်း) မှ ဘာသာစုံဂုဏ်ထူးရကျောင်းသူ မနန်းဇေရီလှိုင်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ငွေကျပ် ၁၀၀၀၀၀၀ တိတိ ဆုချီးမြှင့်ခဲ့ပြီး ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## သာစည်မြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

သာစည် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့တွင် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပကြောင်း သိရသည်။



ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၂ ခုနှစ် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ဖတ်ကြားသည်။

ဆက်လက်ပြီး ၂၀၂၂ ခုနှစ် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ကျင်းပခဲ့သည့် အလယ်တန်းအဆင့်/အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဆုချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၁၀၂)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်များကို တက်ရောက်လာသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

ပေါင် နိုဝင်ဘာ ၁၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အ.ထ.က(ပေါင်)ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ အ.ထ.က(ပေါင်) ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဂုဏ်ပြုခြင်း၊ ပေါင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့လာသော ၂၀၂၂ ခုနှစ် (၁၀၂)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် ထက်၊ လယ်၊ မူ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။




အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ကြီးမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

ကျောက်ကြီး နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယနေ့ နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း သပြေဆောင်ခန်းမ၌ ၂၀၂၂ ခုနှစ် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပကြောင်း သိရသည်။

အခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးပို့သည့် ၂၀၂၂ ခုနှစ် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားပြီး (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။




အဆိုပါ အခမ်းအနားကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သားကြီး(ကျောက်ကြီး)**

## အလုံမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၇) သဇင်ခန်းမ၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၇ နာရီတွင် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀ ခန့် တက်ရောက်သည်။

အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းထွန်းက ဖတ်ကြားပြီး မြို့နယ်ပညာရေးမှူး ဦးကျော်ကျော်ထိန်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**မောင်မောင်(လှိုင်စစ်)**



# လေးစားမှုကို တန်ဖိုးထား

မေတ္တာမိုးနှင်း(ပဲခူး)

ကမ္ဘာဦးအစလူသားဟု ဖြစ်တည်လာကတည်းက လူသားတို့သည် တစ်ဦးတစ်ယောက်တည်း ခွဲထွက်နေထိုင်ခဲ့ကြသည်မဟုတ်။ လူသားမျိုးနွယ်စုများထဲမှ တူညီရာအုပ်စုဖွဲ့၍ အတူတကွပေါင်းသင်းနေထိုင်ကြခြင်းဖြစ်သည်။ မိသားစုအဖြစ်သော်လည်းကောင်း၊ ဆွေရင်းအပေါင်းအသင်းအဖြစ်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း တစ်ဦးကိုတစ်ဦး အမှီသဟဲပြု၍ နေထိုင်ကြခြင်းဖြစ်သည်။ တစ်ဦးကိုတစ်ဦး အမှီသဟဲပြု၍ အုပ်စုဖွဲ့နေထိုင်ကြရာတွင် မတူကွဲပြားသော အုပ်စုများအဖြစ်လည်း တည်ရှိနေကြသည်။ မည်သို့ပင်ရှိစေကာမူ လူသားဟူသောတူညီခြင်းသည်ကား ငြင်းဆန်၍မရသော အမှန်တရားပင်ဖြစ်သည်။ ထိုသို့အုပ်စုဖွဲ့ နေထိုင်ကြသည့်အခါ အရေးအကြီးဆုံးအချက်မှာ တစ်ဦးကိုတစ်ဦး "လေးစားမှု" ရှိခြင်းသည် အလွန်လိုအပ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် လူသားတို့အကြားတွင် အသက်အရွယ်၊ လူမျိုးမရွေး အချင်းချင်းလေးစားမှုရှိခြင်းသည် အကောင်းဆုံးသောဆုလာဘ်ပင်ဖြစ်ပေသည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများတွင် "ကြီးသူရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူသနား" ဟူသော လူမှုရေးကျင့်ဝတ်ဖြစ်သည့် မြန်မာမှုဟန်ပန်ရှိနေပေသည်။ လူသားဟူသည်ကား အသက်အရွယ်၊ အခြေအနေ၊ နေရာဒေသအရ ကွဲပြားခြားနားသော ပုံပန်းသွင်ပြင်၊ ပြောဆိုနေထိုင်မှုရှိကြသည်။ အသက်အရွယ်အားဖြင့် မိမိထက် တစ်နေ့တစ်ရက်ကြီးသူများကို ရိုသေကိုင်းရှိုင်းကြရမည်။ ဂါရဝါစဟူသော မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ခြင်းသည်သာလျှင် မြတ်သောနေထိုင်ခြင်း၊ အသက်ရှင်ခြင်းမည်ပေ၏။ ထို့ကြောင့် ရိုသေထိုက်သူကို ရိုသေကြရမည်။ ရွယ်တူလေးစားဟုဆိုရာ၌ မိမိအသက်နှင့် မတိမ်းမယိမ်း ရွယ်တူများကို ရိုင်းပျစွာဆက်ဆံခြင်း၊ ကိုယ်ထိလက်ရောက်ပြုမူခြင်းများ မပြုရပေ။ တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာတရားဖြင့် ဆက်ဆံနေထိုင်ကြရမည်။ သူနှင့် ကျွန်တော်၊ သူနှင့် ကျွန်မဟူသော နှိုင်းယှဉ်ချက်တို့ဖြင့် ကိုယ်ချင်းစာတရားကိန်းအောင်းရန် လေ့ကျင့်ကြရပေမည်။ ငယ်သူသနားဟုဆိုရာ၌ မိမိထက်အသက်အရွယ်ငယ်သော သူများအပေါ် စေတနာ၊ မေတ္တာ၊ အကြင်နာတရားတို့ဖြင့် ဆက်ဆံကြရမည်။ ဖေးမနှစ်သိမ့်မှုဖြင့် လမ်းညွှန်ပြသကြရမည်။ သို့မှသာ လေးစားမှုရှိခြင်းဟူသော လူသားဆန်သည့်အပြုအမူများဖြင့် လူတစ်ဦးနှင့်တစ်ဦးအကြား အေးချမ်းသော ဆက်ဆံရေးများရှိနေပေလိမ့်မည်။

## ပတ်ဝန်းကျင်အပေါ်လေးစားမှု

လူသားဆိုသည်မှာ ပတ်ဝန်းကျင်နှင့် ကင်းကွာ၍ မရပေ။ အိမ်နီးချင်းဟူသော မိတ်သင်္ဂဟနှင့် သဟဇာတဖြစ်အောင် နေထိုင်ကြရသည်။ အိမ်နီးချင်းကောင်းလျှင် ဆွေမျိုးထက်ပင် ပေါင်းသင်း၍ ပိုသင့်တော်သည်ဟု ဆိုရိုးရှိသည်။ အိမ်နီးချင်းဟုဆိုရာ၌ မိမိနှင့်ကပ်လျက်ရှိသော အနေအထားကို ဆိုလိုခြင်းမဟုတ်ချေ။ မိမိအိမ်၊ မိမိလမ်း၊ မိမိရပ်ကွက်၊ မိမိမြို့ရွာရှိ ဆက်စပ်လျက်ရှိသော နယ်မြေအပိုင်းအခြားအားလုံးကို ဆိုလိုပေသည်။ ပတ်ဝန်းကျင်ကောင်းဖြစ်ရန်အတွက် မိမိကိုယ်တိုင်လည်း ကောင်းမွန်စွာ နေထိုင်ရန် လိုအပ်ပါသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသောလူမှုကိစ္စအဝဝတွင် နှီးနှောဖလှယ်ခြင်း၊ မျှတစွာစဉ်းစားဆုံးဖြတ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးဖော်ရွေသော လေးစားမှုရှိရမည်။ မိမိမိသားစု၊ မိမိဆွေမျိုးဟူသော အတ္တစိတ်သည် ပတ်ဝန်းကျင်အပေါ် လေးစားမှုကိုလျော့ပါးစေသည်။ မိမိခြံဝန်း၊ မိမိအိမ်အတွင်း၌ မိမိ၏ လွတ်လပ်ပိုင်ခွင့်ဟူ၍ သတ်မှတ်ပြီးထင်တိုင်းကြဲနေရမည် မဟုတ်ပေ။ မိမိ၏စိတ်ဆန္ဒထက် မိမိပတ်ဝန်းကျင်အပေါ်တွင် ကိုယ်ချင်းစာတရား ထားရှိရပေမည်။ ပတ်ဝန်းကျင်အပေါ် လေးစားမှုဖြင့် မိမိတို့၏ စိတ်ပိုင်းဆိုင်ရာကို ထိန်းချုပ်နိုင်မှသာလျှင် ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာပြီး ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတစ်ခုဖြစ်ပေါ်လာပေလိမ့်မည်။

## လုပ်ငန်းခွင်အတွင်းလေးစားမှု

လုပ်ငန်းခွင်အတွင်း လေးစားမှုသည် ပို၍အရေးကြီးပါသည်။ လူသားဟူသည်ကား အသက်မွေးဝမ်းကျောင်းအတွက် မည်သည့်အလုပ်တစ်ခုကိုမဆို လုပ်ကိုင်၍အသက်ရှင်နေထိုင်ကြရခြင်းဖြစ်သည်။ မိမိဘဝရှင်သန်ရေးအတွက် မိမိလုပ်ကိုင်နေသော လုပ်ငန်းခွင်အပေါ် လေးစားမှုရှိကြရမည်။ လုပ်ငန်းခွင်၏ အချိန်ကိုမလေးစားဘဲ နောက်ကျခြင်း၊ မိမိ

လုပ်ငန်းခွင်အတွင်း လေးစားမှုသည် ပို၍အရေးကြီးပါသည်။ လူသားဟူသည်ကား အသက်မွေးဝမ်းကျောင်းအတွက် မည်သည့်အလုပ်တစ်ခုကိုမဆို လုပ်ကိုင်၍ အသက်ရှင်နေထိုင်ကြရခြင်းဖြစ်သည်။ မိမိဘဝရှင်သန်ရေးအတွက် မိမိလုပ်ကိုင်နေသော လုပ်ငန်းခွင်အပေါ် လေးစားမှုရှိကြရမည်။ လုပ်ငန်းခွင်၏အချိန်ကိုမလေးစားဘဲ နောက်ကျခြင်း၊ မိမိဖြစ်ချင်သည့်ဆန္ဒတစ်စုံတစ်ရာအတွက် အချိန်ဖြုန်း၍ အလုပ်ခွင်တွင် လစ်ဟင်းခြင်းတို့သည် လုပ်ငန်းခွင်သာမက မိမိကိုယ်တိုင်၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးများပါ လျော့ပါးသွားခြင်းဖြစ်သည်။ မိမိအပေါ်လည်း လုပ်ဖော်ကိုင်ဖက်များက လေးစားမှုမရှိတော့ဘဲ လျစ်လျူရှုခြင်း၊ ပြစ်တင်ရှုတ်ချခြင်းတို့ကို ခံစားရပေမည်။ လုပ်ငန်းခွင်တွင် မိမိလုပ်ကိုင်ရမည့်အလုပ်ကို အချိန်၊ အရေအတွက်၊ မိမိ၏စွမ်းရည်တို့ဖြင့်ပေါင်းစပ်၍ လေးစားစွာ လုပ်ကိုင်ဆောင်ရွက်လျှင် မိမိ၏ဘဝတိုးတက်ရုံသာမက စိတ်ပိုင်းဆိုင်ရာချမ်းသာခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာခြင်းဟူသော သုခများကိုခံစားကြရ

ဖြစ်ချင်သည့်ဆန္ဒတစ်စုံတစ်ရာအတွက် အချိန်ဖြုန်း၍ အလုပ်ခွင်တွင် လစ်ဟင်းခြင်းတို့သည် လုပ်ငန်းခွင်သာမက မိမိကိုယ်တိုင်၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးများပါ လျော့ပါးသွားခြင်းဖြစ်သည်။ မိမိအပေါ်လည်း လုပ်ဖော်ကိုင်ဖက်များက လေးစားမှုမရှိတော့ဘဲ လျစ်လျူရှုခြင်း၊ ပြစ်တင်ရှုတ်ချခြင်းတို့ကို ခံစားရပေမည်။ လုပ်ငန်းခွင်တွင် မိမိလုပ်ကိုင်ရမည့်အလုပ်ကို အချိန်၊ အရေအတွက်၊ မိမိ၏စွမ်းရည်တို့ဖြင့်ပေါင်းစပ်၍ လေးစားစွာ လုပ်ကိုင်ဆောင်ရွက်လျှင် မိမိ၏ဘဝတိုးတက်ရုံသာမက စိတ်ပိုင်းဆိုင်ရာချမ်းသာခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာခြင်းဟူသော သုခများကို ခံစားကြရပေလိမ့်မည်။

လုပ်ငန်းခွင်အတွင်း လေးစားမှုတွင် အလုပ်ရှင်၊ မိမိထက်ရာထူးကြီးသူငယ်သူ၊ အလုပ်သမားအချင်းချင်းအပေါ်တွင်လည်း လေးစားမှုရှိကြရမည်။ မိမိ၏အလုပ်ရှင်သည် မိမိ၏ "ထမင်းရှင်"ပင်ဖြစ်သည်။ ထိုသူအပေါ်လေးစားမှုမရှိလျှင် မိမိနေ့စဉ်စားသုံးနေသော အစာအာဟာရတို့သည် အဆိပ်ကဲ့သို့ ပူပြင်းနေပေလိမ့်မည်။ မိမိ၏ဝမ်းစာရေးအတွက် အလုပ်ရှင်၏ ဉာဏ်ရည်ဉာဏ်သွေး၊ ကြိုးစားမှုတို့ကို အခြေခံ၍ အလုပ်လုပ်ကိုင်ရသောကြောင့် အလုပ်ရှင်ဟူသည် အဘယ်သော အကြောင်းအရာ အခြေအနေ၌ဖြစ်စေ အလုပ်သမားတို့၏ကျေးဇူးရှင်ပင် ဖြစ်ပေသည်။ မိမိ၏ကျေးဇူးရှင်အပေါ် လေးစားခြင်းသည် ဗုဒ္ဓ၏ တရားတော်နှင့်အညီ နေထိုင်ခြင်းဖြစ်သောကြောင့် မြတ်သောအသက်ရှင် နေထိုင်ခြင်းပင်ဖြစ်ပေသည်။

လုပ်ငန်းခွင်အတွင်းတွင် အလုပ်သမားအချင်းချင်း လေးစားမှုရှိကြရမည်။ မိမိထက်ရာထူးကြီးသောသူ၏ ဆိုဆုံးမစကားကို နာခံကြရမည်။ လုပ်ငန်းကျွမ်းကျင်ဟူသော အတိုင်းအတာတွင် ကွာခြားမှုရှိသောကြောင့် မိမိထက်ရာထူးကြီးသူအား မိမိနှင့်ယှဉ်၍ ပြန်လည်ခွန်းတုံ့ပြန်ခြင်းမျိုးသည် လုပ်ငန်းခွင်ပဋိပက္ခကို ဖြစ်ပေါ်စေသည်။ ရာထူးကြီးမားသူများကလည်း မိမိထက်လုပ်ငန်းကျွမ်းကျင်မှု နည်းပါးသောသူများအား ဆဲဆိုကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှိမ့်ချဆက်ဆံခြင်းများ မပြုသင့်ပေ။ မိမိသည်လည်း အောက်ခြေအဆင့်မှ ကြိုးစားအောင်မြင်လာရသည်ကို သတိပြု၍ ကိုယ်ချင်းစာတရားဖြင့် ဆက်ဆံပြောဆိုကြရပေမည်။ လုပ်ငန်းခွင်ဟူသည်ကား လည်ပတ်ခြင်းဟူသော သဘောရှိ၏။ လည်ပတ်ခြင်းတွင် အထက်အောက်ညီမျှမှုရှိမှသာလျှင် သံသရာစက်ဝိုင်းဟူသော လုပ်ငန်းခွင်သည် အောင်မြင်မှုအပေါင်းနှင့် သာယာပေလိမ့်မည်။ ထို့ကြောင့် လုပ်ငန်းခွင်အတွင်း အချင်းချင်းလေးစားမှုရှိခြင်းသည် ဘဝစက်ဝိုင်းအတွက် အဓိကဇာတ်ဖိုချက်ကဲ့သို့ အရေးကြီးလှပေသည်။ အလုပ်သမား တစ်ဦးချင်းစီမှသည် လူ့စွမ်းအားအရင်းအမြစ်အားလုံး စွမ်းရည်ထက်မြက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းခွင်အတွင်း လေးစားမှုကို အရေးပေးကြရပေမည်။

## လူ့ဘောင်အဖွဲ့အစည်းအပေါ်လေးစားမှု

လူ့ဘောင်အဖွဲ့အစည်းဆိုရာ၌ လူသားအားလုံးနှင့် သက်ဆိုင်ပေသည်။ လူသားဟု ဖြစ်တည်ကတည်းက လူသားတို့၏ မွေးရာပါအရည်အသွေးအရ ဗီဇစရိုက်တို့ ကွဲပြားမှုရှိသော်လည်း ဘဝဖြစ်တည်မှုသည် တူညီကြသည်။ လူသားတိုင်းတွင် မွေးရာပါလူ့အခွင့်အရေးများ ရှိပေသည်။ လူသားအချင်းချင်း မလေးစားလျှင် တစ်ပါးသူ၏အခွင့်အရေးကို ဟန့်တားနှောင့်ယှက်ရာရောက်ပေသည်။ တစ်ပါးသူ၏အခွင့်အရေးကို ထိခိုက်စေခြင်းသည် လူသားမဆန်သော အပြုအမူပင်ဖြစ်သည်။ အဖွဲ့အစည်းဟူသည်ကား စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအစရှိသော အရာများထဲမှ အများဆုံးသော တူညီရာကို အခြေခံ၍ စုစည်းထားသော အစုအပေါင်းပင်ဖြစ်သည်။ မတူကွဲပြားခြင်းလည်း အနည်းငယ်ရှိပေလိမ့်မည်။ လူ့လောကတွင် အကောင်းနှင့် အဆိုးသည် အမြဲဒွန်တွဲနေပေသည်။ ထိုကောင်းခြင်း၊ ဆိုးခြင်းများအပေါ် ကိုယ်ချင်းစာနားလည်ပါမှ လေးစားခြင်းအဆင့်သို့ ရောက်ရှိပေလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး လေးစားမှသာလျှင် အဖွဲ့အစည်းဟူသည်က စည်းလုံးညီညွတ်၍ ရေရှည်တည်မြဲပေလိမ့်မည်။

အဖွဲ့အစည်းဟူသည်ကား ခံယူချက်၊ ယုံကြည်ချက်၊ အရည်အသွေးဟူသော အချက်များတူညီမှုအပေါ်မူတည်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုအချက်များအပေါ် မိမိ၏စိတ်ဆန္ဒတစ်စုံတစ်ရာဖြင့် ဖောက်လွှဲဖောက်ပြန် မိမိသာအမှန်ဟု တစ်ယူသန်ပြု၍မရချေ။ အဖွဲ့အစည်းအတွင်းတွင်ရှိသော အဖွဲ့ဝင်အားလုံး၏ စိတ်ဆန္ဒကိုအတတ်နိုင်ဆုံး ညှိယူကြရသည်။ ထိုသို့ ညှိယူပြီးမှသာလျှင် ဆုံးဖြတ်ချက် တစ်စုံတစ်ရာကို အခိုင်အမာဆုံးဖြတ်ကြရသည်။ အဖွဲ့ဝင်အားလုံးလက်ခံနိုင်သော ဆုံးဖြတ်ချက်လည်း ဖြစ်ရပေမည်။ ဤသို့စည်းလုံးညီညွတ်၍ အကောင်းဆုံးသော ဆောင်ရွက်နိုင်ခြင်းသည် တစ်ဦးအပေါ်တစ်ဦး လေးစားမှုရှိခြင်းပင်ဖြစ်သည်။ လေးစားမှုရှိခြင်းသည် လူသားအများစု စိတ်ချမ်းမြေ့စေသောအချက်ပင်ဖြစ်သည်ကို လူတိုင်းနားလည်ကျင့်သုံးကြရပေမည်။

## မိမိကိုယ်ကိုလေးစားမှုရှိခြင်း

တစ်ပါးသူအပေါ် လေးစားမှုရှိခြင်းပြည့်ဝရန်အတွက် မိမိကိုယ်ကိုဦးစွာ လေးစားကြရမည်။ အဘယ်သို့ လေးစားမှုကိုကျင့်ကြံမည်နည်း။ လူသားဟု ရပ်တည်ကတည်းက လူသားတိုင်း လူသားတစ်ယောက်၏တာဝန်ကို ကျေပွန်ကြရမည်။ လူ့ဘဝသည် တစ်ခဏတာဟုဆိုသော်လည်း လူသား၏တာဝန်သည်ကား တစ်နေ့တာအတွက်၌ပင် များပြားမှုရှိနေပါသည်။ "အချိန်နှင့်အမျှ ပြောင်းလဲနေသောလောကကြီး"ဟု အသိအမှတ်ပြုလျှင် မိမိ၏ပိုင်ဆိုင်သောအချိန်များကို လေးစားရမည်။ အချိန်တိုင်းကို အကျိုးရှိစွာ အသုံးချကြရမည်။ မိမိပိုင်ဆိုင်သော စွမ်းဆောင်ရည်များကို ဖွင့်လှစ်ပြသကြရမည်။ သို့မှသာ မိမိကိုယ်ကိုမိမိ ယုံကြည်မှု ပိုမြင့်မားလာပေလိမ့်မည်။ မိမိပတ်ဝန်းကျင်သည်လည်း မိမိ၏စွမ်းဆောင်ရည်ကြောင့် အရောင်လက်လာလိမ့်မည်။ ဤအချက်သည် မိမိကိုယ်ကို ယုံကြည်လေးစားခြင်းရလဒ်ပင်ဖြစ်သည်။ မိမိ၏ "ကိုယ်နှုတ်နှလုံး" သုံးပါးလုံးအပေါ်တွင် လေးစားမှုရှိရမည်။ ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးကိုစောင့်ထိန်းခြင်းပင်ဖြစ်သည်။ ကံသုံးပါးကို စောင့်ထိန်းနိုင်ကတည်းက ကိုယ်ချင်းစာတရား ပြည့်ဝသူဖြစ်မည်ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်ကို လေးစားမှုရှိသလို တစ်ပါးသူအပေါ်လည်း လေးစားမှုရှိပေလိမ့်မည်။ ငြိမ်းချမ်းသော လောကလူ့ဘောင်ဖြစ်ရန်အတွက် မိမိကိုယ်ကိုလေးစားမှုရှိခြင်းသည် အရေးအကြီးဆုံးပင် ဖြစ်ပါသည်။

## လေးစားမှုကိုတန်ဖိုးထားပါ

လူသားတိုင်းသည် ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းဟူသော အကျိုးတရားများနှင့် ပြည့်စုံလိုကြသည်။ စိတ်ချမ်းသာ၍ ကျန်းမာမှသာလျှင် လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ထိုသို့စိတ်ချမ်းသာ ကိုယ်ကျန်းမာရန် ငြိမ်းချမ်းသောလူ့ဘောင်အဖွဲ့အစည်း လိုအပ်ပါသည်။ ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ရန်အတွက် လူသားတိုင်းသည် အရာရာတိုင်းအပေါ်တွင် "လေးစားမှု" ရှိကြရပေမည်။ ထို့ကြောင့် လူသားတိုင်းသည် သက်ရှိ၊ သက်မဲ့ ဟူသော အရာအားလုံးအပေါ်တွင် လေးစားမှုကိုတန်ဖိုးထား၍ ပြောဆိုပြုမူ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်နေ့မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏ အပိုဒ် (၁)(င) နှင့် (၂)(ဃ)တွင် အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁)(င) နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ ၆၆/၆ (အထစ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ) များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်းကြေညာထားသော်လည်း **ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ(၂)ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။**

လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန



## ပေါက်ခေါင်းမြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

**ပေါက်ခေါင်း နိုဝင်ဘာ ၁၇**

၂၀၂၂ ခုနှစ် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ပေါက်ခေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က ဖတ်ကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးအေးလှိုင်က (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အထက(အိုးဘိုကုန်း)မှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဒလမြို့နယ်၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

**ဒလ နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနား ဖွင့်လှစ်ခဲ့သည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်က ဖတ်ကြားသည်။ ထို့နောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မြန်မာစာဘာသာရပ်မှူး ဒေါ်ခင်ခင်သိန်းက အမျိုးသားနေ့ဖြစ်ပေါ်ပုံအကြောင်း ဟောပြောသည်။

ဆက်လက်ပြီး (၁၀၂)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းစာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသောကျောင်းသား ကျောင်းသူ



များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းအောင်၊ မြို့နယ်မှူး ရဲမှူးစိုးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အုတ်ဖိုမြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

**အုတ်ဖို နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင်




အထက(အုတ်ဖို) ရှောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာဖတ်ကြားပြီး မြို့နယ်ပညာရေးမှူး ဦးကိုကိုမောင်က အမျိုးသားအောင်ပွဲနေ့သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားတွင် စာစီစာကုံး၊ ပန်းချီ၊ ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ပန်းချီကားများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## တီးတိန်မြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

**တီးတိန် နိုဝင်ဘာ ၁၇**

ချင်းပြည်နယ် တီးတိန်မြို့၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အထက -၁ (တီးတိန်) စံကိုက်ညီခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှပေးပို့သည့် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက ဖတ်ကြားသည်။

ဆက်လက်၍ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းကို အဖွင့်သီချင်းအဖြစ် သီဆိုကြသည်။ ထို့နောက် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာရွတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စားပွဲတင် တင်းနစ်(ကျား၊ မ)၊ တင်းနစ်(ကျား၊ မ)၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်(ကျား၊မ) ပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းကို အပိတ်သီချင်းအဖြစ် သီဆိုကြသည်။

အမျိုးသားအောင်ပွဲနေ့အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေး



အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **မိုးမိုး**

# (၂၂) ကြိမ်မြောက် ပင်လယ်ရပ်ခြားတရုတ်ရှေ့ဆောင်နှင့် တရုတ်ပြည်တွင်းဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ကျင်းပ

ဝူဟန် နိုဝင်ဘာ ၁၇

ပင်လယ်ရပ်ခြားတရုတ်ရှေ့ဆောင်နှင့် တရုတ်ပြည်တွင်းဖွံ့ဖြိုးတိုးတက်ရေး (၂၂)ကြိမ်မြောက် ညီလာခံကို တရုတ်နိုင်ငံ ဟူပေပြည်နယ် မြို့တော် ဝူဟန်၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

**ပြောကြား**

အဆိုပါဆွေးနွေးပွဲသို့ တရုတ်နိုင်ငံနှင့် ပြည်ပမှ ဧည့်သည်တော် ၅၀၀ခန့် တက်ရောက်ခဲ့ကြသည်။ ပြည်ပရောက်တရုတ်နိုင်ငံသားများသည် တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အခြားနိုင်ငံများမှ သိရှိလာစေရန်အတွက်လည်း အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသောကြောင့် အဆိုပါဆောင်ရွက်မှုများအပေါ် အသိအမှတ်ပြုကြောင်း အဆိုပါညီလာခံဖွင့်ပွဲ အခမ်းအနားတွင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဝူဝီဟာက ပြောကြားသည်။

ယခုညီလာခံအား ၂၀၀၁ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ကာ ပြည်ပရောက်တရုတ်နိုင်ငံသားများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**







# ချီလီနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြင့်သေဆုံးသူ တစ်ဦး စတင်တွေ့ရှိ

ဆန်တီဂို နိုဝင်ဘာ ၁၇

ချီလီနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြင့်သေဆုံးသူတစ်ဦးကို စတင်တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၆ရက်တွင် ပြောကြားသည်။

မကြာသေးမီက စစ်ဆေးချက်များအရ ၎င်းသက်ကြီးရွယ်အိုအမျိုးသားသည် ရောဂါအခံရှိသူဖြစ်ပြီး ရောဂါခုခံနိုင်စွမ်းနည်းပါးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ဇွန်၁၇ရက်က မျောက်ကျောက်ရောဂါကူးစက်ခံရသူ တစ်ဦးကို စတင်တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း မျောက်ကျောက်ရောဂါဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုများဆောင်ရွက်ရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

ချီလီနိုင်ငံတွင် မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၉ရက်က စတင်ဆောင်ရွက်ခဲ့သည်။ တောင်အမေရိကဒေသတွင် မျောက်ကျောက်ရောဂါဖြင့်သေဆုံးသူ ၃၀ ရှိသည့်အနက် ဘရာဇီးတွင် ၁၂ဦး၊ အမေရိကန်နိုင်ငံတွင် ၁၁ ဦး၊ မက္ကဆီကိုတွင် လေးဦး၊ အီကွေဒေါတွင် နှစ်ဦးနှင့် ကျူးဘားတွင် တစ်ဦးသေဆုံးကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ကိုးဦး ထပ်မံသေဆုံး

မနီလာ နိုဝင်ဘာ ၁၇

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ကိုးဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၄၄၁ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၅၅၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၂၂၁၂၇ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၄၆၇ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၀၈ ဦး သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော် မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၈၀၉၄ ဦး ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အစ္စရေးနိုင်ငံ၌ စိုက်ပျိုးမြေများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးမည့်စနစ်ကို တိုးမြှင့်ဆောင်ရွက်သွားမည်

ဂျေရုဆလင် နိုဝင်ဘာ ၁၇

အစ္စရေးနိုင်ငံသည် စိုက်ပျိုးမြေများတွင် ဆိုလာစနစ်ဖြင့်လျှပ်စစ်ဓာတ်အား ပေးမည့်စနစ်ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၆ရက်တွင် ပြောကြားသည်။

အစ္စရေးငွေ ရှီကယ် ၁၇သန်း အကုန်အကျခံဆောင်ရွက်မည့် အဆိုပါစီမံချက်တွင် စီမံကိန်း၁၃၀ ပါဝင်မည်ဖြစ်ပြီး နိုင်ငံအတွင်းရှိ စိုက်ပျိုးမြေများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးရန် စီစဉ်ဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။

ထို့ပြင် စိုက်ပျိုးမြေများတွင် ဆိုလာစနစ်သုံးလျှပ်စစ်ဓာတ်အား ထုတ်လွှတ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအား မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း လေ့လာမှုများပြုလုပ်သွားမည်ဟု သိရသည်။

အစ္စရေးနိုင်ငံသည် ၂၀၃၀ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှုကို ၃၀ရာခိုင်နှုန်းအထိ မြှင့်တင်ရေးဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း စိုက်ပျိုးသီးနှံများမှ အမြတ်အစွန်းရရှိပြီး တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေး ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ ၊ ဘာသာပြန်-စိုးသူရ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၀၄ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ နိုဝင်ဘာ ၁၇

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၀၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၉၅၆၇၂၂ ဦး ရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် လေးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၃၃၀၀ သည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရှစ် ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၅၇၄ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၀၄၅ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၈၉၁၉၈၃ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၈၁၆၅ ဦး ရှိပြီး ယင်းတို့အနက် ၉၀ သည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး လူနာ ၄၉ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၈ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၇ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် စက်လှေများ သိမ်းဆည်းရမိ



**နေပြည်တော်　နိုဝင်ဘာ　၁၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ VPA ရက် ၆၀ ကျော်လွန်နေသော Silicon Dioxide (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၄၁၉၄ ကျပ်)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ပိုင်ရှင်က စွန့်လွှတ်ကြောင်းတင်ပြလာသော Laminated Safety Glass (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာစက်မှု ဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်း မှ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသော Iron Roller များအပါအဝင် ကုန်စည်လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၀၀၀၀) နှင့် သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားသည် ထက် ပိုမိုပါရှိလာသော Paint Brush များအပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ မြဝတီ-ဘားအံ -ရန်ကုန်သွားကားလမ်း ပဲခူးစက်မှုဇုန်ရှေ့၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည် ထက် ပိုမိုပါရှိလာသော Easy Chair များအပါအဝင် ကုန်စည်သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၁၆၀၀) နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသော Cheng Long အမျိုးအစားမော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၈၁၅၇၉၄ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗန်းမော်မြို့နယ် မြလယ်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း တရားမဝင်ရွှေတူးဖော်နေသော စက်လှေ ၁၀ စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်း ဥပဒေအရ လည်းကောင်း၊ မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီး မြို့မပျိုးဥယျာဉ်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် ကျွန်းခွဲသား၊ ကျွန်းတံခါးချပ်များ၊ ကျွန်းတံခါး ချပ်အစိတ်အပိုင်းများ ၃ ဒသမ ၄၆၅၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၈၄၂၈ ကျပ်)နှင့် အဆိုပါသစ်တောထွက်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြစ်ကြီးနားမြို့နယ် အောင်မြေ ကျေးရွာအနီးတွင် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားမဝင်သစ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၉၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသော မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၅၇၇၉၈၈ ကျပ်) ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် ရွှေဘို-မြစ်ကြီးနား ကားလမ်းမပေါ်၌ လိုင်စင်မဲ့ Canda 125 အမျိုးအစား ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကို သိမ်းဆည်းရမိ ခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့ အတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာ (၈ ဒသမ ၁၆၀၀) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၄၄၈၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၅ ရက်နှင့် ၁၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၀၂၈၂၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ မှ သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၇**



ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် စင်းတောင်း ကျေးရွာအုပ်စု ထီတလိကျေးရွာ ၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာ၌ စိုက်ပျိုးထားသော ဖူးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၅၀ ခန့်ကို ယနေ့ နံနက် ပိုင်းက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို၊ အမှတ်(၂) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယ ရဲမှူးကြီး လင်းထွဋ်မြင့် ဦးစီးအဖွဲ့၊ ကလောမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စိုးထွန်းဝင်း ဦးစီး အဖွဲ့၊ အမှတ်(၄) စစ်အခြေခံ လေ့ကျင့်ရေးတပ်မှ ဗိုလ်ကြီး ထွန်းထွန်းအောင် ဦးစီးအဖွဲ့နှင့် ပအိုဝ်းဌာနေ ပြည်သူ့စစ်မှ ဦးစော မောင် ဦးစီးအဖွဲ့ စုစုပေါင်း ၁၁၁ ဦး နှင့် သင်တန်းဆင်း ရဲတပ်သား ၇၀ တို့က ဘိန်းခင်းများ ဖျက်ဆီး ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဘိန်းခင်းများ ဖျက်ဆီးခဲ့သည့် တပ်ဖွဲ့ဝင် ၁၁၁ ဦးအတွက် မာမီးခေါက်ဆွဲနှင့် ကော်ဖီမစ် ထုပ်များ ငွေကျပ် ၅၈၄၉၇၀ ကို လည်းကောင်း၊ သင်တန်းဆင်း ရဲတပ်သား ၇၀ အတွက် ဆွယ်တာ၊ ခြေစွပ်၊ လက်အိတ်နှင့် ခေါင်းစွပ် များ စုစုပေါင်း ငွေကျပ် ၁၁၇၂၉၇၀ တန်ဖိုးရှိ အစား အသောက်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှမော်တော်ယာဉ်ကိုကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသောမော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ/ မရှိ ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ/ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း/ မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁၁-၂၀၂၂ သောကြာနေ့

**MRTV HD**

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ် အနုရာယ်ကင်း ပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ "ဒီမိုကရေစီဆိုသည်မှာ"
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ "ရင်ခုန်ခံစား ကာတာကမ္ဘာ့ဖလား"
၁၁:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးဇူးပဲလောကကြီးရေ'
၁၂:၃၀ MRTV National News
၁၂:၅၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၁၆:၃၅ လူငယ်ရေးရာအစီအစဉ်
၁၇:၃၅ ASEAN Information Exchange Initiative Program 2022
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာ...သီရိဂေဟာ
၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါဏ်ဒါဏ်အချစ်ချိုချို' (အပိုင်း-၂၆)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၂)

**mitv**

07:02 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
07:11 The Longest Living Siblings (Part-2)
07:33 From Bamboo Strip to Sublime Buddha
07:56 Myanmar Street Foods
08:01 News
08:27 Travelogue: "Anyar Myay" or Upcountry (Part-3)
08:43 Between the Beaches: Chaung Tha Vs Ngwe Saung
08:53 Historic Of Kyaukka Shwe Gu Ni Pagoda
09:01 Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song "Surviving Hardship"
09:06 Exploring Migratory Birds at Moe Yun Gyi Sanctuary
09:47 Myanmar Traditional Art Bronze Casting
09:47 Tea
10:01 News
10:27 Topical Topics
10:32 Kayah Style

**MRTV NRC**

အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) ပန်းလိုမွှေး၍စွမ်းသည့်ဆေး
ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀) ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကကြံဆစ်
ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀) မြှားတံပြုလုပ်ခြင်းနှင့် အထားအသို
မွန် (၀၉:၀၀ မှ ၁၁:၀၀) ငါးရံ့သရက်သီးချက်
ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) ပြုံးပဒေသာ(အပိုင်း-၁)
ရှမ်း (၁၃:၀၀ မှ ၁၅:၀၀) စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ
ဝ (၁၅:၀၀ မှ ၁၇:၀၀) စာအတူတူဖတ်ကြရအောင်
ကချင် (၁၇:၀၀ မှ ၁၉:၀၀) ကြက်ဆန်လျော်
ကယား (၁၉:၀၀ မှ ၂၁:၀၀) ပညာပန်းနှင့်အလှဆင်(ဇာတ်လမ်းတို)
ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) ငုံးမွေးမြူရေး
အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) ဧရာဝတီရဲ့အရိုင်းဆန်တဲ့အလှဂါရန်ဂို

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၁၅ ရှုသမျှစုံစုံကြည့်မြေကမ္ဘာ
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၄၅ ကာတာကမ္ဘာ့ဖလား (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "သူတစ်ပါးအယောင်ဆောင်ခြင်း"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲချယ်တင်မြှောက်ပုံစနစ် (ဗီဂျီသမ္မတနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ သတင်း
၀၆:၄၅ ပွုလုံကြွယ်ဝအင်းငါးကဏ္ဍတွဲလက်ညီလှ မိသားစုဘဝ
၀၇:၀၀ ကျေးလက်တွန်ရက်
၀၇:၁၅ အသေးစားငါးရှဉ့်မွေးမြူရေးနှင့်အခြေခံ ကျေးလက်ဒေသဖွံ့ဖြိုးရေး
၀၈:၀၀ စက်မှုလယ်ယာစနစ်ကိုဦးတည်မြို့သစ် မြို့နယ်ကကိုင်ရုံတောင်ကျေးရွာဆီ
၀၈:၅၀ တောင်သူဦးကြီးဘဝမြှင့်တင်ပိုကြွယ်ပဲသီးနှံ စိုက်ကြစို့
၀၇:၀၀ တိရစ္ဆာန်စာဖူလုံရေးအတွက် အရေးပါသော ပြောင်း

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ ရင်ခုန်ခံစားကာတာကမ္ဘာ့ဖလား / Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm　t.me/mrtvnews　twitter.com/mrtvwebportal

# ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးလျက်ရှိသော မဟာဓာတ်အားလိုင်း ဖောက်ခွဲဖျက်ဆီးခံရမှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့ (၁၃)မြို့သို့ လျှပ်စစ်ဓာတ်အား (၆၀)မဂ္ဂါဝပ်ခန့် ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော ၂၃၀ ကေဗွီ မင်းဘူး (မန်း)-အမ်း မဟာဓာတ်အားလိုင်း၏ တာဝါတိုင်(၁)တိုင်ကို NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများမှ ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် လျှပ်စစ်မီးသုံးစွဲသူပြည်သူများသို့ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**







၂၃၀ ကေဗွီ မင်းဘူး(မန်း)-အမ်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၉၄)ရှိ အောက်ခြေထောက်တိုင်တစ်ခု ဖောက်ခွဲဖျက်ဆီးခံရမှု အထောက်အထားများအား တွေ့ရစဉ်။



မသမာသူများ၏ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ၂၃၀ ကေဗွီ မင်းဘူး(မန်း)-အမ်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၉၄) ဖောက်ခွဲဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မင်းဘူး(မန်း)-အမ်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၉၄) အောက်ခြေထောက်တိုင် နှစ်ချောင်းတွင် မသမာသူများက မိုင်းထောင်ထားသည်ကို တွေ့ရစဉ်။

# AA အဖွဲ့က ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် အသက်ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးတို့အပါအဝင် ၁၀ ဦး သေဆုံးခဲ့ပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့

နေပြည်တော် နိုဝင်ဘာ ၁၇

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာရှိ နယ်မြေခံရဲကင်းစခန်းအား နိုဝင်ဘာ ၁၆ ရက်တွင် AA အဖွဲ့မှ အင်အား ၂၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လောင်းဒုံးကျေးရွာအတွင်း လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့မှုများ ဖြစ်ပေါ်ခဲ့သည်။




လောင်းဒုံ(မြို)ကျေးရွာအတွင်း AA အဖွဲ့က ပစ်ခတ်သည့် ၆၀ မမဖုံးသီးသုံးလုံး ကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသည့် ကျေးရွာသူ ကျေးရွာသားများကို တွေ့ရစဉ်။

## ကျရောက်ပေါက်ကွဲ

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကြိမ်ချောင်းကျေးရွာ နယ်မြေခံရဲကင်းစခန်းအား AA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နယ်မြေခံရဲကင်းစခန်းအနီးရှိ လယ်ကွင်းသို့ လက်နက်ကြီးသုံးလုံး၊ လောင်းဒုံ(မြို)ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်သုံးလုံး ကျရောက်ပေါက်ကွဲခဲ့သည်။

AA အဖွဲ့၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လောင်းဒုံ(မြို) ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည့် လက်နက်ကြီးကျည် သုံးလုံးသည် ယင်းကျေးရွာနေ ဦးဆော်မလုံး၏သား အမည်ပေးကင်းပွန်းတပ်ပွဲ ကျင်းပနေသည့် နေအိမ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက်ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးတို့ အပါအဝင် အမျိုးသား ကိုးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၀ ဦး သေဆုံးခဲ့ပြီး အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက်လေးနှစ်အရွယ် ကလေးငယ်သုံးဦး၊ အသက်ငါးနှစ်အရွယ် ကလေးငယ်သုံးဦးတို့ အပါအဝင် အမျိုးသား ၂၁ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၂၄ ဦးတို့တွင် လက်နက်ကြီးအစ ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ ဒေသခံတိုင်းရင်းသားပြည်သူများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ခဲ့ပြီး ထောက်ပံ့ငွေများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ကျေးရွာပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်အောင်မြို့နယ်၌ ဆောင်းနေကြာ(သီးသန့်)စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

မြန်အောင် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းနေကြာ မျိုးစေ့ထုတ် စံပြ ၁၀ ဧက စိုက်ခင်းတွင် ဆောင်းနေကြာ(သီးသန့်) စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ညနေ ၄ နာရီက လဟာပေါက်ကျေးရွာအုပ်စု စနစ်ကျစံပြဧက ၄၀၀ ရှိ ကွင်းအမှတ် ၂၃၇-က၊ ဦးပိုင်အမှတ် ၁၁၀၊ ၁၃၀ တောင်သူ ဦးခင်စိုး၏ လယ်မြေနှစ်ဧကတွင် ကျင်းပသည်။

## ကြည့်ရှုအားပေး

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်အောင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆောင်းနေကြာ သီးသန့် ၆၉၂၅ ဧက၊ သီးညှပ် ၂၃၀၉ ဧက စုစုပေါင်း ၉၂၃၄ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၀ | ၂၉၂၀ |
| 95 Ron | ၂၁၈၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၃၅ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၂၂၀ | ၂၂၃၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၆၄၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၀ | ၂၆၄၀ | ၂၆၇၅ | ၂၆၇၅ | ၂၆၈၀ | ၂၉၀၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၇၅ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၇၅ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၈ | ၂၀၅၁ |
| 95 Ron | ၂၀၇၆ | ၂၁၅၂ |
| HSD (500 ppm) | ၂၄၇၉ | ၂၅၅၈ |
| HSD (50 ppm) | ၂၅၅၁ | ၂၆၃၂ |
| HSD (10 ppm) | ၂၅၅၁ | ၂၆၃၂ |

**မှတ်ချက်။**
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝဲကြီးကျေးရွာနေ ဗိုလ်ဗိုလ်ဝင်းသည် ၎င်းအသုံးပြုသည့် "Bo Bo Win" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ကောင်းဇော်ထွန်းသည် ၎င်းအသုံးပြုသည့် "Kaung Zaw Htun" Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အမှတ်(၄)ရပ်ကွက်နေ သန္တာလှိုင်သည် ၎င်းအသုံးပြုသည့် "Thandar Thandar" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သာယာဝတီမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

**သာယာဝတီ နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက အထက(သုံးဆယ်) ပီမိုးနင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းက (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားပြီး (၁၀၂)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သာယာဝတီ မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ဆုများ ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး သာယာဝတီမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများက ပြည်မြန်မာသီချင်းနှင့် ဇာတိမာန်သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။



အဆိုပါအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ သာယာဝတီမြို့နယ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဖျာပုံမြို့ ငါးလုပ်ငန်းသင်တန်းကျောင်း၌ အခြေခံငါးမွေးမြူရေးနှင့် ရေအရည်အသွေးထိန်းသိမ်းခြင်းသင်တန်း ဖွင့်လှစ်

**ဖျာပုံ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း သင်တန်းခန်းမ၌ အခြေခံငါးမွေးမြူရေးနှင့် ရေအရည်အသွေးထိန်းသိမ်းခြင်းသင်တန်းကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ကျိုက်လတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ဆန်းက အဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်ပြီး ဖျာပုံငါးလုပ်ငန်းသင်တန်း ကျောင်းအုပ်ကြီး ဒေါ်ခိုင်ခိုင်ဦးက အခြေခံငါးမွေးမြူရေးနှင့် ငါးမွေးကန် ရေအရည်အသွေးထိန်းသိမ်းခြင်းနှင့်ပတ်သက်သည့် လိုက်နာရမည့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းသင်ကြားပေးသည်။

သင်တန်းသို့ ဖျာပုံ၊ အမာ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေးမြို့နယ်မှ ငါးမွေးတောင်သူများနှင့် ငါးမွေးမြူရေးစိတ်ဝင်စားသော တက္ကသိုလ်ကျောင်းသားများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၀ နှင့် ဖျာပုံနှင့် ကျိုက်လတ်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူးတို့ တက်ရောက်ကြပြီး သင်တန်းမှာ တစ်ရက်သင်တန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာဖတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

ညောင်တုန်း နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာဖတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရောခန်းမ၌ ကျင်းပသည်။

**ဆုများချီးမြှင့်ပေးအပ်**

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့် သီဆိုဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက ဖတ်ကြားပြီး (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်မှ ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်လှုပ်ရှားမှုဓာတ်ပုံများကို ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)



# ပုသိမ်မြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

ပုသိမ် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီက မြို့နယ်ပညာရေးမှူးရုံးရှိ မေတ္တာမြင့်မိုရ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် နံရံကပ်စာစောင်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားတွင် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများပေးအပ်ကြကာ နံရံကပ်စာစောင်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၈၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။ မြင့်ဟန်(ပြန်/ဆက်)



# (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဟောပြောပွဲ ကျင်းပ

မအူပင် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ လူငယ်များ အမျိုးသားရေးစိတ်ဓာတ် အစဉ်ထက်သန်နိုးကြားနေစေရန်နှင့် အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို သိရှိပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အမျိုးသားအားမာန်များဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြစေရန်အတွက် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၁၆ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။



(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့(အကြို) အသိပညာပေးဟောပြောပွဲတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ဒုတိယကျောင်းအုပ် ဦးဇော်ဇော်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က အမျိုးသားအောင်ပွဲနေ့ပြုလုပ်ရခြင်း ရည်ရွယ်ချက်၊ အမျိုးသားနေ့ဖြစ်ပေါ်လာပုံ၊ ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆိုအဓိဋ္ဌာန်ပြုကြသော ကျောင်းသားကြီး ၁၁ ဦး၊ အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များကို ဟောပြောပြီးနောက် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် ဆရာဦးဘိုထွေးက အမျိုးသားနေ့ စတင်ဖြစ်ပေါ်လာပုံ၊ အမျိုးသားနေ့၏ နောက်ခံသမိုင်းများကို ဟောပြောခဲ့သည်။

ဆက်လက်၍ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း ဒုတိယဥက္ကဋ္ဌ ဆရာဦးစိုးက ကျွန်ပညာရေးစနစ်ကို အပြီးတိုင်တွန်းလှန်ခဲ့သည့် အမျိုးသားရေးစိတ်ဓာတ် နိုးကြားမှုများအကြောင်း သိကောင်းစရာများအား ဟောပြောဆွေးနွေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခမဲ့ထုတ်ဝေသည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်း စာစောင်အား ကျောင်းသား ကျောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ ဆက်)

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၇

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# မော်လမြိုင်မြို့၌ ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



မော်လမြိုင် နိုဝင်ဘာ ၁၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ ရက်က မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဦးဝင်းနိုင်ဆွေက စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

**ဆွေးနွေးပို့ချ**

ထို့နောက် ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားရေး ဘာသာရပ်များဖြစ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးနှင့် ငွေစာရင်း၊ စီမံကိန်းများ ကြီးကြပ်အကဲဖြတ်ခြင်းလုပ်ငန်း၊ စာရင်းအင်းနှင့် ကွန်ပျူတာ၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ စသည့်ဘာသာရပ်များကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ဆွေးနွေးပို့ချခဲ့ရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ခံကျောင်းအုပ် ၁၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၇

**လေဖိအားနည်းရပ်ဝန်းအခြေအနေ**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၉ ရက်တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်းအားကောင်းလာနိုင်ပြီး နိုဝင်ဘာ ၂၂ ရက်တွင် အိန္ဒိယနိုင်ငံ တမီလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညနေမှ နိုဝင်ဘာ ၂၀ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# အမောပြေ

ဆရာမဲဇာ

ကျွန်တော်တို့ ကျန်းမာရေးပညာပေးလုပ်ငန်းများတွင် အဓိက အားထားနေရသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် နီးကပ်ဆောင်ရွက်နေရသည်မှာ လွတ်လပ်ရေးရပြီးစကတည်းကပင် ဖြစ်ပါသည်။ ခေတ်အမျိုးမျိုးပြောင်းလဲနေသည့်တိုင် ပြန်ကြားရေးဝန်ကြီးဌာနမှ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အမြဲပင်ဦးစားပေးခဲ့ပါသည်။ သတင်းစာများမှစ၍ အသံလွှင့်အစီအစဉ်များ၊ ရုပ်မြင်သံကြားအစီအစဉ်များတွင် အထူးဂရုစိုက်ဖော်ပြပေးခဲ့ပြီး ရုပ်မြင်သံကြား ကြော်ငြာများခေတ်တွင်လည်း ကျွန်တော်တို့ကျန်းမာရေးဆိုင်ရာတင်း၊ ဇာတ်လမ်းတိုများကို လူအများကြည့်ချိန် (Prime Time) များ၌ အခမဲ့နေရာပေး၍ အရေးတယူရှိခဲ့ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင်မူ အချိန်နှင့်ရသမျှ နည်းလမ်းမျိုးစုံဖြင့် လူထုကို အသိပညာပေးရာတွင် ပူးပေါင်းမြှင့်တင်ဆောင်ရွက်ပေးခဲ့သဖြင့် လူထုထံသို့ ထိရောက်သောသတင်းအချက်အလက်များ၊ ကျန်းမာရေးကို ဦးစားပေးသည့်သဘောထားနှင့် အပြုအမူများကို ဖော်ထုတ်ပေးခွင့်ရပြီး မိမိတို့ရှိသမျှအင်အားဖြင့် ကပ်ရောဂါဆိုးကြီးကို ထိန်းချုပ်နိုင်ခဲ့ဖြစ်သည်ဟု သုံးသပ်မိပါသည်။

အရေးကြီးသော လက်တွဲဖော်ဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၏လုပ်ငန်းအတော်များများတွင် ပူးပေါင်းပါဝင်ခွင့်ရယူရင်း အတော်အလျောက်ပြောင်းလဲလာမှုများကိုလည်း လေ့လာ၍လိုက်လျောညီထွေစွာ ပြောင်းလဲမှုများပြုလုပ်ကြရပါသည်။ ပြီးခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၏ သိသာသောအပြောင်းအလဲများကိုလည်း သတိထားမိပါသည်။

### သတင်းစာများ၏အပြောင်းအလဲကို ပို၍မြင်သာ

စာဖတ်သော အရွယ်ကတည်းက ဖတ်လာခဲ့သော သတင်းစာများ၏ အပြောင်းအလဲကို ပို၍မြင်သာပါသည်။ သာမန်သတင်းစာမျှသာ မဟုတ်တော့ဘဲ နိုင်ငံ၏ ဦးစားပေးမူဝါဒများနှင့်အညီ ထိရောက်သောကဏ္ဍများ တိုးချဲ့ဖော်ပြနေသည်ကိုလည်း တွေ့နိုင်ပါသည်။ ထူးခြားချက်အနေဖြင့် "စိုက်မွေးစီးပွား"၊ "ကုန်သွယ်/ စီးပွား" "ပြည်တွင်း/ ပြည်ပသတင်းများ"နှင့် "ဇီဝစုံလင်သဘာဝဝန်းကျင်" ခေါင်းစဉ်သစ်များကို သတင်းစာများတွင် ဖတ်ခွင့်ရနေပြီဖြစ်ပါသည်။

ထိုသတင်းကဏ္ဍသစ်များတွင် သတိမူသူတို့အတွက် တန်ဖိုးရှိလှသောသတင်း၊ အချက်အလက်၊ အသိပညာနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို ရယူနိုင်ရုံမက ထူးခြားသောဒေသထွက်ထုတ်ကုန်သီးနှံများအကြောင်းကိုပါ ဖတ်နိုင်၏။ စီးပွားရေးသံမှူးများမှတစ်ဆင့် ပေးပို့လာသော "ကုန်သွယ်စီးပွားသတင်းများ"မှာလည်း ယခင်က သတင်းစာဖတ်ပရိသတ်တို့ ဖတ်ခွင့်မရနိုင်သော သတင်းများသာဖြစ်ပါသည်။

ကမ္ဘာကြီးတွင် ပြောင်းလဲမှုဖြစ်စဉ်များကို အရှိန်အဟုန်နှင့် တွန်းပို့လာသော ကိုဗစ်-၁၉ ရောဂါကပ်ဆိုးကြီးကြောင့် ကျန်းမာရေးသာမက နိုင်ငံရေး၊ စီးပွားရေးအားလုံးမှာ ထိခိုက်ခဲ့ကြရပါသည်။ လူတို့ အိမ်တွင်းပုန်းနေကြရသဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ကူးသန်းရောင်းဝယ်မှုကဏ္ဍနှင့်တွဲ၍ ခရီးသွားကဏ္ဍနှင့်ဆက်စပ်နေသော လုပ်ငန်းအားလုံး ရပ်ဆိုင်းလုနီးပါးဖြစ်သွားခဲ့ရပါသည်။

ထိုအထဲတွင် မဖြစ်မနေအသုံးချရင်း အကောင်းဘက်သို့ ပြောင်းလဲသွားသောကဏ္ဍတစ်ရပ်ပေါ်ပေါက်လာပါသည်။ Digital Transformation ဟုခေါ်သော ဒစ်ဂျစ်တယ်နည်းပညာပြောင်းလဲမှုများကို တွင်ကျယ်စွာသုံးနိုင်သူများမှာ ရပ်တည်ခွင့်ရကြပါသည်။ သတင်းအချက်အလက်နည်းပညာ (Information Technology-IT) များမှာ မထင်မှတ်နိုင်လောက်အောင် အရှိန်အဟုန်ပြင်းစွာ ရှေ့တန်းရောက်လာပါသည်။

ထို့အတူ နည်းပညာတီထွင်သူများမှာ Forth Industrial Revolution ခေါ် စတုတ္ထအဆင့် စက်မှုတော်လှန်ရေး၏လှိုင်းကို စီးကာ ကြီးပွားချမ်းသာလာကြပါသည်။ ကျွန်တော်တို့၏ လူငယ်မျိုးဆက်သစ်များမှာလည်း "ခေတ်မီမီကမ္ဘာကြည့်မြင်"နိုင်လျှင် နိုင်ငံတကာအဆင့် လက်လှမ်းမီနိုင်ရုံသာမက မြန်မာတို့၏ ဉာဏ်ရည်ထက်မြက်မှုကို ကမ္ဘာသိအောင် ပြသနိုင်ခွင့်ရှိနေပါသည်။ မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော "နည်းပညာနှင့် သတင်းအချက်အလက်" ကဏ္ဍသည် လူငယ်တို့အတွက် အသုံးတည့်လှသဖြင့် လက်မလွှတ်တမ်း ဖတ်ရှုသင့်ပေသည်။

နည်းပညာမှ ရယူထားသော သတင်းအချက်အလက်များသည် ထိုနည်းပညာစနစ်အတွင်းသို့ ထည့်သွင်းလိုက်သော သတင်းအချက်အလက်များအပေါ် မူတည်ပြန်သည်။(Garbage in – Garbage out) ဟူသော ကွန်ပျူတာစကားလုံးကို ပြန်လည်တင်ပြလိုပါသည်။ ကွန်ပျူတာပေါ်ကတည်းက လူသုံးများသည့် "အမှိုက်ထည့်လျှင် အမှိုက်ထွက်မည်" ဟူသောစကားပင်။ ကွန်ပျူတာထဲသို့ထည့်လိုက်သောအချက်အလက်များ၏ တိကျမှန်ကန်မှုသည် အဖြေမှန်ထွက်ဖို့ အခရာဖြစ်ပါသည်။

သုတေသီများ၊ ပါရဂူများအားလုံးသည် ဒေတာ (Data) ရရှိမှုပေါ်မူတည်ပါသည်။ ဒေတာအများစုမှာလည်း လူတို့ကသာ ထုတ်လုပ်ထားပါသည်။ ဥပမာတစ်ခုကို တင်ပြလိုပါသည်။ လွန်ခဲ့သောငါးနှစ်ခန့်က ရန်ကုန်မြို့တွင်ပြုလုပ်သော သုတေသနတစ်ခုတွင် ရန်ကုန်မြို့သည် လုံခြုံစိတ်ချရကြောင်း၊ မြို့သူမြို့သားများသည် ပျော်ရွှင်နေကြောင်း စသောအချက်အလက်အတော်များများပါရှိသည်။ ထိုအချိန်က အငှားယာဉ်မောင်းများနှင့် ကားငှားစီးသူများ၏ ဆက်ဆံရေးအခြေအနေ အကြောင်းကို ကွန်ပျူတာထဲတွင် မထည့်သဖြင့် မသိလိုက်ချေ။ ဘတ်စ်ကားများပေါ်တွင်လည်းကောင်း၊ ကားလမ်းမပေါ်တွင်လည်းကောင်း မည်ကဲ့သို့ဖြစ်ပျက်နေသည်ကို ရန်ကုန်သားတို့ သိသော်လည်း နိုင်ငံခြားသား သုတေသီတို့က မသိနိုင်ခဲ့ပေ။

"ဒေတာ"ဟု ပြောလာလျှင် လူတွေက (Hard Data) ခေါ်သော ကိန်းဂဏန်းအတိအကျသိရမှ အမှန်ဟုယူဆကြလေသည်။ သက်သေခံအထောက်အထားများ၊ သွယ်ဝိုက်ရသည့် သုံးသပ်ရသောအထောက်အထားများ (Circumstantial Evidence) များကို ပေးနိုင်သောအခြေအနေများကို မဖန်တီးမချင်း အဖြေမှန်၊ အတွေးမှန်၊ သဘောထားမှန် စသော(Soft Data)ခေါ် ဒေတာ အပျော့စားများကို ပြန်လည်သုံးသပ်ကောက်ချက်ဆွဲကာ ဆုံးဖြတ်တတ်ရန် မလွယ်လှချေ။

### EQ ကိုပို၍ အသားပေးလာ

တစ်နည်းအားဖြင့် Emotional Education ခေါ်သော ခံယူသုံးသပ်ဆုံးဖြတ် နည်းပညာတစ်ရပ်ရှိနေကြောင်းကို သိရန်လိုလာပါသည်။ Emotional Quotience-EQ သည် မိမိတို့၏ စိတ်ခံစားချက်ကို မည်ကဲ့သို့ထိန်းချုပ်လမ်းကြောင်းအသုံးချတတ်မှုကို အရေးပေးလာကြသဖြင့် အလုပ်လျှောက်သူများကို လူတွေ့မေးမြန်းရာတွင် သူတို့၏ ဉာဏ်ရည်ဉာဏ်သွေး (IQ-Intelligent Quotice) ထက် EQ ကိုပို၍ အသားပေးလာသောခေတ်ကို ရောက်နေပါသည်။

ဤသို့သောခေတ်အပြောင်းတွင် မြန်မာတို့သည် IQ ကိုသာ အလေးထားနေသေးသဖြင့် ခေတ်နောက်ကျလျက်ရှိနေပေသည်။ မြန်မာတို့ချည်းသာမဟုတ်ပါ။ မြန်မာတို့က အထင်ကြီးနေသော စင်ကာပူနိုင်ငံမှာလည်း ထိုနည်းနှင်နှင်ဖြစ်ခဲ့သဖြင့် ထိုနိုင်ငံ၏ ခေါင်းဆောင်များကိုယ်တိုင်က စင်ကာပူကျောင်းများတွင် Emotional Education ဘာသာရပ်ကို ပြန်လည်ထည့်သွင်းသင်ယူစေဖို့ ဆုံးဖြတ်ပေးခဲ့ရပါသည်။

အချို့က ဤဘာသာရပ်ကို ရသပညာ (Aesthetics) ဟု ဘာသာပြန်၍သုံးကြ၏။ အမှန်သို့မရောက်သေးဟု ကျွန်တော်ထင်၏။ အမှန်တော့ကြုံတွေ့ရသောအခြေအနေ၊ လက်ခံရရှိသောဒေတာ၊ ပတ်ဝန်းကျင်မှ တွန်းအားဆွဲအားများကို သုံးသပ်လေ့လာပြီး မတုန်လှုပ်သော စိတ်အခြေခံဉာဏ်ပညာဖြင့် ဆုံးဖြတ်ရသည့်ကိစ္စများသာ လောကကောင်းကျိုးကို ပေးနိုင်ပါမည်။ "စိတ်ထားတတ်လျှင် မြတ်သည်" ဟူသောစကားအဓိပ္ပာယ်ကို အကျယ်စဉ်းစား၍ အသုံးချလျှင် ရလဒ်ကောင်းပါမည်။

ကျွန်တော်တို့ လူထုပညာမြှင့်တင်ရေး လုပ်ငန်းတွင်မူ BH ဟု လူသိများသော နည်းတစ်ရပ်ရှိပါ၏။ လူတို့၏ အသိပညာကိုမြှင့်တင်လိုလျှင် Head၊ Hand နှင့် Heart အထိ ပြောင်းလဲစေဖို့လိုသည်။ ခေါင်း (Head) သို့ရောက်သည်မှာ သင်ညာ၊ ဒေတာ စသော ဗဟုသုတသာဖြစ်ပါသည်။ ထို့မျှနှင့်မလုံလောက်။ "နှုတ်မှုလက်မှုအတတ်စု" ကို သင်ယူလေ့ကျင့်ထားသော လက်၏ ကျွမ်းကျင်မှုလည်း လိုလာသည်။ လက်ဟုဆိုသော်လည်း ကာယကံ၊ ဝစီကံနှစ်မျိုးစလုံး အကျုံးဝင်ပါသည်။

### နှလုံးသားထဲသို့ ထိမိသွားအောင် အသိပညာမျှဝေ

အရေးကြီးသောအချက်မှာ လူငယ်တို့သုံးလေ့ရှိသော "Heart ထိသွားတယ်" ဟူသော စကားအတိုင်းပင်။ နှလုံးသားထဲသို့ ထိမိသွားအောင် အသိပညာမျှဝေပေးနိုင်ဖို့ လိုလေသည်။ ရှေးကသုံးသော "Learn by Heart" ဟူရာတွင်မူ အလွတ်ကျက်မှတ်မှုကို အဓိကထားကြတာမဟုတ်ပါ။ အလွတ်ကျက်မှတ်၊ အလွတ်ရနေခြင်းသည် Head ခေါ် ခေါင်းထဲကသာလာပါသည်။ အသည်းစွဲအောင်ကြုံရသော အဖြစ်အပျက်မှာမူ သေသည်အထိ မမေ့ရုံမက ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးလုံး၏အလုပ်ကို လွှမ်းမိုးနိုင်စွမ်းရှိပါသည်။

> ❖ **ပြန်ကြားရေးဝန်ကြီးဌာနက အားယူပြောင်းလဲလာသောလုပ်ငန်းစဉ်များမှာလည်း ယခုအခါ သိသာမြင်သာပြောင်းလဲမှုများကို တွေ့လာရပါသည်။ အထူးသဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ တိုးတက်ပြောင်းလဲမှုများတွင် ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေမှုပေးရန်များသာမက (Cultural Heritage) များကိုဖော်ထုတ်ကာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေဖို့ ဦးတည်သွားနေသောအစီအစဉ်ကောင်းများကို တွေ့လာရ**
>
> ❖ **ထူးခြားသောအစီအစဉ်ဖြစ်နေပါသဖြင့် စိန်ရတုပြည်ထောင်စုနေ့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့သော "တူယှဉ်နွဲပျော်ဂီတပွဲတော်"သည် ဂန္ထဝင်သီချင်းများ၊ သမိုင်းဝင်ဂီတစာဆိုကြီးများ၊ မူရင်းအဆိုတော်ကြီးများကို ဦးထိပ်ထား၍ ခေတ်လူငယ်လူကြီးများအတွက်ဖျော်ဖြေရင်း အသိပညာဗဟုသုတများစွာရရှိစေသည့်အပြင် တိုင်းပြည်လွတ်လပ်ရေး အခွန့်ရှည်စေဖို့ အခြေခံဖြစ်သောစစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်များကိုလည်း တဖွားဖွားပေါ်ပေါက်စေခဲ့**

အသိအမြင်မှန်ကန်မှု၊ နှလုံးသွင်းမှန်ကန်မှုတို့ဖြင့် တည်ဆောက်ထားသော လူပုဂ္ဂိုလ်တစ်ယောက်အတွက် လူသားပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်တို့နှင့် ကြုံတွေ့လာတိုင်း မှန်ကန်သောသဘောထားဖြင့် ယောနိသော မနသိကာရစိတ်ထားဖြင့် ကောင်းသောအပြော၊ ကောင်းသောအလုပ်များကို သက်သာလွယ်ကူစွာ လုပ်ဆောင်နိုင်စွမ်းရှိသဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုမည်သာဖြစ်ပါသည်။

ရသပညာအခြေခံရှိသူတစ်ယောက်အတွက် လောကကို အလှဆင်နိုင်ဖို့မခက်ခဲလှ လောကဓမ္မအရ ဆုကြုံနိမ့်မြင့်ကြုံလာသမျှကိုလည်း မျှတစွာနှလုံးသွင်း၍ ကုသိုလ်စိတ်ဖြူဖြင့် နေနိုင်သူများ ဖြစ်လာပါသည်။ သမိုင်းတစ်လျှောက် ဆွေစဉ်မျိုးဆက်ထိန်းသိမ်းရင်း လက်ဆင့်ကမ်းလာခဲ့ကြသော ယဉ်ကျေးမှုအမွေအနှစ်များ (Cultural Heritage) များထဲတွင် မြင်သာသောရှေးဟောင်းပစ္စည်းများ၊ အဆောက်အအုံများကို လွယ်လွယ်တွေ့နိုင်သော်လည်း မမြင်သာသော ဓလေ့ထုံးစံ၊ ရသပညာများ (Intangible Cultural Heritage) များကိုမူ ဖော်ထုတ်သူနည်းသည်နှင့်အမျှ လျင်မြန်စွာပျောက်ကွယ်သွားပြီး အစားထိုးမရသော ဆုံးရှုံးမှုကြီးဖြစ်ရပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနက အားယူပြောင်းလဲလာသော လုပ်ငန်းစဉ်များမှာလည်း ယခုအခါ သိသာမြင်သာပြောင်းလဲမှုများကို တွေ့လာရပါသည်။ အထူးသဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ တိုးတက်ပြောင်းလဲမှုများတွင် ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေမှုပေးရန်များသာမက (Cultural Heritage) များကို ဖော်ထုတ်ကာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေဖို့ ဦးတည်သွားနေသော အစီအစဉ်ကောင်းများကို တွေ့လာရသည်။

ထူးခြားသောအစီအစဉ်ဖြစ်နေပါသဖြင့် စိန်ရတုပြည်ထောင်စုနေ့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့သော "တူယှဉ်နွဲပျော် ဂီတပွဲတော်"သည် လူထုကြားသို့ ထိရောက်စွာထိုးဖောက်နိုင်ပြီး ယခုအခါ (season-2) အဖြစ် စိန်ရတုလွတ်လပ်ရေးနေ့အတွက် ရည်သန်သည့် "တူယှဉ်နွဲပျော် ဂီတပွဲတော်"မှာ ပထမအဆင့်ပြီးစီးသွားပြီဖြစ်ပါသည်။

ဂန္ထဝင်သီချင်းများ၊ သမိုင်းဝင်ဂီတစာဆိုကြီးများ၊ မူရင်းအဆိုတော်ကြီးများကို ဦးထိပ်ထား၍ ခေတ်လူငယ်လူကြီးများအတွက် ဖျော်ဖြေရင်း အသိပညာဗဟုသုတများစွာရရှိစေသည့်အပြင် တိုင်းပြည်လွတ်လပ်ရေးအခွန့်ရှည်စေဖို့ အခြေခံဖြစ်သော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်များကိုလည်း တဖွားဖွားပေါ်ပေါက်စေခဲ့ပါသည်။

စာမျက်နှာ ၁၉ သို့ ✻

# နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေး လာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "ကလေးအလုပ်သမား ပပျောက်ရေး အလေးထားဆောင်ရွက်ပေး" မျက်နှာဖုံး ဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (နိုဝင်ဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ခင်မောင်အေး၊ သန့်လွင်ထွန်း (MPA)၊ သန်းစော (စီပီအေ) တို့၏ "ကလေးအလုပ်သမား ပပျောက်ရေး အလေးထားဆောင်ရွက်ပေး" မျက်နှာဖုံးဆောင်းပါးများ၊ ဒေါက်တာ ခင်မောင်ညို၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ မြသိန်း၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ နေညိုယဉ်၊ စံမြတ်ဘုန်း (စစ်ကိုင်း) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ ထက်ဝေအောင် (စစ်ကိုင်း)၊ K. M. A တို့၏ အမုန်းစကားနှင့် ဒီမိုကရေစီဆိုင်ရာ ဆောင်းပါးများ၊ ပါမောက္ခကိုကိုအောင်၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ တင်မာလွင်တို့၏ မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှုဆိုင်ရာ ဆောင်းပါးများ၊ ဆရာနောင်၊ ဒေါက်တာ မြင့်သန်းတို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ လင်း (ဆေး-၁) ဒေါက်တာ စန်းဦး၊ မော်(သန်လျင်) တို့၏ ဖြစ်ရပ်မှန်၊ ဟာသဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် (၃၆) လက်မပိုက်လိုင်းအား Acoustic Survey Operations လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရတနာပလက်ဖောင်းမှ ဓမင်းဆိပ်ကမ်းခြေအထိ ပိုက်လိုင်းတစ်လျှောက်အား M.V. HAILEY SARAH ဖြင့် 36" Pipe Line Acoustic Survey Operations ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point Yadana Platform မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၂၃.၁၉၃၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၈.၁၃၆၄၄ စက္ကန့်နှင့် Daminseik Shore မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၄ မိနစ် ၂၁.၆၂၄၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၂၇.၁၈၃၆၈ စက္ကန့် တို့ အတွင်းတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ (၃၆)လက်မပိုက်လိုင်းအား Acoustic Survey Operations လုပ်ငန်းများဆောင် ရွက်နိုင်ရန် ရတနာပလက်ဖောင်းမှ ဓမင်းဆိပ်ကမ်းခြေအထိ ပိုက်လိုင်းတစ်လျှောက်အား M.V. HAILEY SARAH ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ပိုက်လိုင်းတစ်လျှောက်၏ ဘေးဘယ်ညာ ၂.၅ မိုင်ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

○ အမျိုးသမီးလိဂ်ပြိုင်ပွဲမှ အား/ကာသိပ္ပံအသင်းက ကိုးပွဲကစား ၂၅ မှတ်၊ မြဝတီအသင်းက ကိုးပွဲကစား ၂၂ မှတ်၊ အား/ကာဦးစီးဌာနအသင်းက ကိုးပွဲကစား ၁၂ မှတ်၊ YREO အသင်းက ၁၀ ပွဲကစား ခြောက်မှတ်၊ Young Lionesses အသင်းက ကိုးပွဲကစား ခြောက်မှတ်ရရှိထားကာ တနင်္သာရီအသင်းမှာမူ ၁၀ ပွဲကစား ၁၀ ပွဲရှုံးဖြင့် အမှတ်မရသေးပေ။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ- MWL**

# ၂၀၂၂ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) စတုတ္ထနေ့ နှင့်ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံတွင်ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က စီစဉ်၍ Mytel Operator ၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော် ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက ပြိုင်ပွဲကို အဓိကကူညီပံ့ပိုးပေးသော Mytel Operator ၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ Mytel Operator ၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့မှ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်ဦးနှင့် Mytel Operator မန္တလေးတာဝန်ခံတို့က ပြိုင်ပွဲအား လက်ခံကျင်းပပေးသော ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်းသို့ အမှတ်တရ လက်ဆောင်နှင့် ဂုဏ်ပြုငွေများပေးအပ်ရာ ချယ်ရီလွင် တပ်မတော်ဂေါက်ကွင်း တာဝန်ရှိသူက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် Junior Golf Myanmar အလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်က ဝါသနာရှင်အဆင့် (အမျိုးသမီး)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၅၂ ချက်ဖြင့် တတိယဆုရရှိသော ဝိုင်းဝိုင်းကိုလည်းကောင်း၊ Junior Golf Myanmar အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက စုစုပေါင်းရိုက်ချက် ၂၄၅ ချက်ဖြင့် ဒုတိယရရှိခဲ့သော တုန်ရန်ကြီးကိုလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးကျော်ကျော်မြင့်က စုစုပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် ပထမရရှိခဲ့သော မိုးပြည့်စုံခင်တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ အထက်မြန်မာပြည်ဂေါက်သီးအားကစား အဖွဲ့ချုပ်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုကိုက ဝါသနာရှင် အဆင့် (အမျိုးသား) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၂ ချက်ဖြင့် တတိယဆု ရရှိခဲ့သော လှိုင်မင်းထက်၊ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမြင့်ဦးက စုစုပေါင်းရိုက်ချက် ၂၉၀ ဖြင့် ဒုတိယရရှိခဲ့သော ဇော်ဇော်ထွန်းတို့ကိုလည်းကောင်း၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်ချုပ်ဇော်မင်းလတ်က စုစုပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ ပထမရရှိခဲ့သော လွင်မိုးကိုလည်းကောင်း ဆုများ ချီးမြှင့်သည်။

ထို့နောက် ပညာရှင်အဆင့်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၇၉ ချက်ဖြင့်ပထမ ရရှိခဲ့သော သိန်းနိုင်စိုး (HAN Golf Academy) အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးက ဆုဖလားနှင့် ဆုကြေးငွေချက်လက်မှတ် ပေးအပ် ချီးမြှင့်ကာ ဆုရအားကစားသမားနှင့် တာဝန်ရှိသူများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။




**သတင်း-ကိုညီလေး၊ဓာတ်ပုံ-MGF**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

✻ စာမျက်နှာ ၁၈ မှ

လွတ်လပ်သောနိုင်ငံတိုင်းတွင် နိုင်ငံ၏ရုံးသုံးစာပေရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာစာသည် ရုံးသုံးစာဖြစ်သော်လည်း တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏ဘာသာစကားကို လွတ်လပ်စွာအသုံးပြုခွင့်ရှိပါသည်။ ထို့အတူ တိုင်းရင်းသားညီအစ်ကိုများကလည်း မြန်မာမှုအနုပညာများကို ဝိုင်းဝန်းပြုစုပေးကြရာတွင် တူယှဉ်နွဲ့ပျော်ဂီတပွဲတော်သည် အဓိပ္ပာယ်ရှိလှသောအနှစ်သာရကို ထင်ဟပ်နေကြောင်း တွေ့ရပါသည်။

တစ်နေ့က ပြိုင်ပွဲဝင်သော အမျိုးသမီးကလေးမှာ ရှမ်း-ကချင် မိဘများက ပေါက်ဖွားလာသူ၊ စစ်ကိုင်းတိုင်းဒေသကြီးကို ကိုယ်စားပြုသူဖြစ်သော်လည်း သူမနှိုက်၍ ရလာသောသီချင်းမှာ ချင်းအမျိုးသား ဂီတစာဆိုတစ်ဦး၏ ချင်းတောင်တန်းနှင့် ချင်းခလေ့ဖော်ကျူးထားသည့်သီချင်းဖြစ်ပါသည်။ တိုင်းရင်းသားအားလုံးရှေ့တွင်၊ ရုပ်သံဖန်သားပြင်ပေါ်တွင် -

"သူငယ်ချင်းလိုက်ခဲ့စမ်းပါ၊ အလည်တစ်ခေါက်လိုက်ခဲ့စမ်းပါ xxx
တို့များရဲ့ ချင်းခလေ့ထုံးစံမြင်စေချင်စမ်းသည် xxx
တောင်ပေါ်ခေါင်ရည် ချိုမြမြ၊ တစ်ကျိုက်လောက်သောက်ရင်
အမောပြေ xxx
ဒါဟာလေ ချင်းပြည်ရဲ့ဓလေ့တစ်ခုပါ xxx" ဆိုသော သီချင်းလေးသည် ရင်ထဲစွဲ၍ (By Heart) ကျန်ခဲ့ပါသည်။ ဤကား Intangible Cultural Heritage ပင်ဖြစ်ပါသည်။ ရှမ်း-ကချင် တိုင်းရင်းသူလေးက ချင်းဓလေ့ထုံးစံအကြောင်း မြန်မာလို လှိုက်လှိုက်လှဲလှဲဆိုပြခဲ့သည်။ လွတ်လပ်ရေး စိန်ရတုမှ ရာပြည့်၊ ထိုမှ ကမ္ဘာတည်သရွေ့ တိုင်းရင်းသားအားလုံး လက်တွဲပူးပေါင်းကာ ငြိမ်းချမ်းသာယာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အသိမှန်၊ အလုပ်မှန်ဖြင့် ရှေ့ဆက်ထမ်းဆောင်ရမည့်တာဝန်များကို ပျော်ပျော်ရွှင်ရွှင် ရင်နှင့်အမျှ အားရှိသမျှတာဝန်ယူကြပါစို့။ ။

# ရခိုင်ပြည်နယ်အတွင်း အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၁၉၄ ဦးလွတ်မြောက်



**စစ်တွေ နိုဝင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ အမိန့်အမှတ် ၇၀/၂၀၂၂ ဖြင့် ယနေ့ (အမျိုးသားအောင်ပွဲနေ့) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၁၉၄ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ယနေ့ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေကြရသော နိုင်ငံသားအကျဉ်းသား အကျဉ်းသူများကို နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့လွတ်ငြိမ်းခွင့်ပေးရာတွင် စစ်တွေ အကျဉ်းထောင်မှ အကျဉ်းသား ၆၂ ဦး၊ အကျဉ်းသူ ကိုးဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား ၃၀၊ အကျဉ်းသူတစ်ဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသား ၁၆ ဦးနှင့် သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ၇၄ ဦး၊ အကျဉ်းသူနှစ်ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၁၉၄ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါလွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းများနှင့် မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာကြိုဆိုကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၅၅ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး



**မန္တလေး နိုဝင်ဘာ ၁၇**

ယနေ့ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားသောအားဖြင့်လည်းကောင်း နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေရသော အကျဉ်းသား အကျဉ်းသူ ၅၇၇၄ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ရာ မန္တလေးမြို့ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၅၅ ဦးလွတ်ငြိမ်းခွင့်ရခဲ့ကြောင်း သိရသည်။

**ဆုံးမသြဝါဒစကားပြောကြား**

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းအစီအစဉ်ကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ရှေ့ဆက်၍ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက်သွားကြရန်၊ မိသားစုဘဝအေးချမ်းသာယာ တိုးတက်အောင် နေထိုင်သွားကြရန်၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားကြရန်နှင့် နောင်တွင် ပြစ်မှုပြစ်ဒဏ်များ မကျူးလွန်ကြရန် ဆုံးမသြဝါဒစကားပြောကြားသည်။

ထို့နောက် လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်တာဝန်ရှိသူများက ကိုဗစ် - ၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

"ကျွန်တော်တို့ အကျဉ်းဦးစီးဌာနဆိုတာက ထောင်ထဲမှာရှိတဲ့ အကျဉ်းသားအားလုံးကို တရားဝင်လွတ်စေချင်ပါတယ်။ ထောင်ဆိုတာက လူ့အတွက် ဘဝဆုံးရှုံးပါတယ်။ ဒါကြောင့် အကျဉ်းသားတွေဟာ လိမ္မာပြီး ဒီလိုလွတ်သွားကြတယ်ဆိုရင် တိုင်းပြည်အတွက် ကောင်းတဲ့အလားအလာဖြစ်ပါတယ်။ တကယ်လည်း ဝမ်းသာပါတယ်"ဟု တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ဦးစီးမှူး ဦးချိုဝင်းထွန်းက ပြောသည်။

ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ဖြင့် ပြန်လည် လွတ်မြောက်လာသူ တစ်ဦးကလည်း "အခုလို လွတ်မြောက်လာတဲ့ အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ ကျွန်တော့်မိသားစုနဲ့ ကွဲကွာနေတာ နှစ်နှစ်ခွဲရှိပါပြီ။ အခုဆို မိသားစုနဲ့ ပြန်လည်ဆုံတွေ့ရမှာ ဖြစ်တဲ့အတွက် တကယ်ကို ပျော်ရွှင်မိပါတယ်။ ထောင်ထဲမှာ ကျန်ရှိနေတဲ့ အကျဉ်းသား အကျဉ်းသူတွေ အနေနဲ့လည်း နိုင်ငံတော်က စေတနာ၊ မေတ္တာနဲ့ပေးတဲ့ လွတ်ငြိမ်းခွင့်ကို အမြန်ဆုံးရရှိခံစားနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ နိုင်ငံတော်အကြီးအကဲအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟုပြောသည်။

မန္တလေး တိုင်းဒေသကြီးအတွင်း အကျဉ်းထောင် ခြောက်ခုရှိပြီး ယနေ့တွင် အမိန့်အရ အကျုံးဝင်ပြီး လွတ်ငြိမ်းခွင့်ရရှိသည့် အမျိုးသား ၈၇၄ ဦးနှင့် အမျိုးသမီး ၁၁၄ ဦးစုစုပေါင်း ၉၈၈ ဦးကို လွှတ်ပေးခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနက် မန္တလေးဗဟိုအကျဉ်းထောင်မှ ၄၅၅ဦး၊ မြင်းခြံအကျဉ်းထောင်မှ ၁၆၇ ဦး၊ မိတ္ထီလာအကျဉ်းထောင်မှ ၈၉ ဦး၊ ရမည်းသင်းအကျဉ်းထောင်မှ ၂၀၉ ဦး၊ ညောင်ဦးအကျဉ်းထောင်မှ ၄၆ဦးနှင့်နေပြည်တော် အကျဉ်းထောင်မှ ၂၂ ဦးတို့ လွှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# ကျော့သောင်းအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၀ အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ကျော့သောင်း နိုဝင်ဘာ ၁၇**

(၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ကျော့သောင်းအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

**ဆုံးမစကားပြောကြား**

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား တာဝန်ရှိသူများက ဆုံးမစကားပြောကြားခဲ့ပြီး ထောင်လွတ်လက်မှတ်နှင့် ခရီးစရိတ်ငွေများပေးအပ်ခဲ့ကာ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ ကော့သောင်းအကျဉ်းထောင်မှ အကျဉ်းသား ၁၇ ဦး၊ အကျဉ်းသူသုံးဦးဖြစ်ပြီး စုစုပေါင်း ၂၀ ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**




# လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၈၀ လွတ်မြောက်



**လားရှိုး နိုဝင်ဘာ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်၊ ၇၀/၂၀၂၂ အရ ရှမ်းပြည်နယ် (မြောက်ပိုင်း ) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အစီအစဉ်ကို ယနေ့ နံနက် ၁၁ နာရီက လားရှိုးအကျဉ်းထောင်ရှိ ဓမ္မာရုံ၌ ပြုလုပ်သည်။

**ဆုံးမသြဝါဒစကားပြောကြား**

အဆိုပါ အစီအစဉ်သို့ အကျဉ်းဦးစီးဌာနမှ ရှမ်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းကျော်တင့်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအား ဆုံးမသြဝါဒစကား ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်၊ ၇၀/၂၀၂၂ အရ ရှမ်းပြည်နယ် (မြောက်ပိုင်း ) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ အကျဉ်းသား ၆၉ ဦး၊ အကျဉ်းသူ ၁၁ ဦး စုစုပေါင်း ၈၀ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

■ ကျောဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်တို့က ဩဝါဒစကားများကို ပြောကြားကြသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းရှိ အကျဉ်းသား ၅၀၉၈ ဦး၊ အကျဉ်းသူ ၆၇၆ ဦး စုစုပေါင်း ၅၇၇၄ ဦးကို လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံခြားသားများဖြစ်ကြသည့် မစ္စတာရှောင်တာနယ်၊ မစ္စတာ တိုရူကူဘိုတာ၊ မစ္စဗစ်ကီ ဘိုးမန်းနှင့် အမေရိကန်နိုင်ငံသားခံယူထားသော ဦးကျော်ဌေးဦးတို့ကိုလည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

နိုင်ငံတော်၏ လွတ်ငြိမ်းခွင့်ရရှိသော အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ၈၉၄ ဦး၊ အကျဉ်းသူ ၈၇ ဦးနှင့် နိုင်ငံခြားသား လေးဦး စုစုပေါင်း ၉၈၅ ဦးတို့ကို မွန်းလွဲ ၂ နာရီခွဲမှစ၍ ရန်ကုန်မြို့၏ခရိုင်လေးခုသို့ YBS ယာဉ်များဖြင့် အေးချမ်းမှုကို ဖော်ဆောင်သည့် မိုးဖွဲ့ဖွဲ့အောက်တွင် ပို့ဆောင်ခဲ့ပြီး အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော နိုင်ငံသားအကျဉ်းသား အကျဉ်းသူ ၉၈၁ ဦးနှင့် နိုင်ငံခြားသားအကျဉ်းသားလေးဦးတို့ကို နိုင်ငံတော်၏ စေတနာအမှန်ကို ထုတ်ဖော်ပြသည့်အနေဖြင့် လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ဓာတ်ပုံ -ကနူး**

## မိတ္ထီလာအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား အကျဉ်းသူ ၈၉ ဦးအား လွှတ်ပေး



မိတ္ထီလာ နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အကျဉ်းဦးစီးဌာနမှ လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူ ၈၉ ဦးကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က နန်းတော်ကုန်းရပ်ကွက်ရှိ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွန်း၊ မိတ္ထီလာအကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဘောနီတို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်-၇၀/၂၀၂၂ အရ အကျဉ်းသား အကျဉ်းသူများအား ကျင့်-၄၀၁(ခ)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်မည့် အကျဉ်းသား အကျဉ်းသူများအား မိတ္ထီလာအကျဉ်းဦးစီးဌာနရုံးခန်းတွင် ဆုံးမဩဝါဒစကားများ ပြောကြားခဲ့ပြီး အကျဉ်းသား အကျဉ်းသူများအား လမ်းစရိတ်အဖြစ် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် မိတ္ထီလာမြို့နယ်အကျဉ်းဦးစီးဌာနရှိ အကျဉ်းထောင်မှ အကျဉ်းသား ၇၆ ဦးနှင့် အကျဉ်းသူ ၁၃ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## ရမည်းသင်းအကျဉ်းဦးစီးဌာနတွင် ပြစ်ဒဏ်ခံရသူအချို့ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု

ရမည်းသင်း နိုဝင်ဘာ ၁၇

(၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား



၁၃ ဦးတို့အား လွတ်ငြိမ်းခွင့်ပေးပွဲအခမ်းအနားကို ရမည်းသင်းအကျဉ်းထောင်ဝင်းရှိ ရိပ်သာ၌ ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းအကျဉ်းထောင်တာဝန်ခံအရာရှိ ဦးကျော်သူက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အားဖတ်ကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းဝင်းစိုးတို့က လွတ်ငြိမ်းချမ်းသာခွင့်ရ အကျဉ်းသားများကို ဆုံးမဩဝါဒစကားပြောကြားပြီး ထောင်တာဝန်ခံအရာရှိက လွတ်မြောက်ခွင့်ရရှိသူများကို ခရီးစရိတ်ငွေ၊ ခံစားခွင့်တို့ကို ထုတ်ပေးခဲ့ရာ လွတ်မြောက်ခွင့်ရ အကျဉ်းသားများက လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါရမည်းသင်းအကျဉ်းထောင်မှ အကျဉ်းသား ၁၃ ဦးကို ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြင်းခြံဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၁၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် လွတ်မြောက်

မြင်းခြံ နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံဗဟိုအကျဉ်းထောင်အတွင်းရှိ အချုပ်သား အချုပ်သူများအနက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် လွတ်မြောက်သွားသော အချုပ်သား ၁၁၆ ဦးအား လွှတ်ပေးခြင်း အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက မြင်းခြံဗဟိုအကျဉ်းထောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယရဲမှူးကြီး ဇေယျာကျော်က ဩဝါဒစကားများနှင့် အမှုပိတ်သိမ်း၍ လွှတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက်တာဝန်ရှိသူများက လွတ်မြောက်သွားသော အကျဉ်းသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း လက်မှတ်၊ ခရီးစရိတ်နှင့် စားစရိတ်များ ပေးအပ်ခဲ့ကြသည်။

ပြစ်မှုဆိုင်ရာအမှုများအား ပိတ်သိမ်းပေးခြင်းကြောင့် လွတ်မြောက်သွားသော အချုပ်သား ၁၁၆ ဦးအား မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လိုက်လံပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်စွာ(မြင်းခြံ)**

## ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ကျိုင်းတုံ နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၃ ဦးအား နိုဝင်ဘာ ၁၇ ရက်က ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ကျော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းနှင့် တာဝန်ရှိသူများက ဆုံးမဩဝါဒစကားများပြောကြားပြီး လွတ်ငြိမ်းခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့ကျိုင်းတုံအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့်



နိုင်ငံခြားသား အကျဉ်းသား တစ်ဦး၊ နိုင်ငံသားအကျဉ်းသား ၃၇ ဦး၊ အကျဉ်းသူ ငါးဦး စုစုပေါင်း ၄၃ ဦး လွှတ်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဘားအံအကျဉ်းထောင်နှင့် အကျဉ်းစခန်းများမှ အကျဉ်းသား အကျဉ်းသူ ၂၅၇ ဦး ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိ

ဘားအံ နိုဝင်ဘာ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ယနေ့ နံနက်ပိုင်းတွင် ဘားအံအကျဉ်းထောင်နှင့် အကျဉ်းစခန်းမှ အကျဉ်းသား အကျဉ်းသူ ၂၅၇ ဦး ခံဝန်ကတိဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းအကျဉ်းသား အကျဉ်းသူများအား ဘားအံအကျဉ်းထောင်ခန်းမဆောင်၌ အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူးဦးမျိုးဌေး၊ ဘားအံခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးဦးနိုင်အေး၊ ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲထွန်းနိုင်၊ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိုက်အောင်၊ ဘားအံအကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဌေးတို့က ဆုံးမဩဝါဒစကားများပြောကြား၍ လမ်းစရိတ်များချီးမြှင့်ပြီး ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ယနေ့လွတ်မြောက်သူများတွင် ဘားအံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၁၆ ဦး၊ လက္ခဏာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ အကျဉ်းသား ၂၆ ဦး၊ မာလာဖူးကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၅ ဦး စုစုပေါင်း ၂၅၇ ဦးဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ် ကင်းသာ(၁/၂)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၄၈ ဦး ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိ

တပ်ကုန်း နိုဝင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာ(၁/၂)ကုန်ထုတ်စခန်းတွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရရှိသူများအား ဆုံးမဩဝါဒပေးခြင်းအခမ်းအနားကို ယနေ့နံနက်က ကင်းသာ(၁)ကုန်ထုတ်စခန်းတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစံသူ၊ တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်မိုး၊ ကင်းသာ(၁)ကုန်ထုတ်စခန်း တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်လင်းအောင်၊ ကင်းသာ(၂)ကုန်ထုတ်စခန်း တာဝန်ခံဦးစီးအရာရှိ ဦးစိုးသီဟတို့က ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိသူများအား ဆုံးမဩဝါဒစကားများ ပြောကြားသည်။

တပ်ကုန်းမြို့နယ် ကင်းသာ(၁)ကုန်ထုတ်စခန်းမှ ၃၂ ဦး၊ ကင်းသာ(၂) ကုန်ထုတ်စခန်းမှ ၁၆ ဦး စုစုပေါင်း ၄၈ ဦးတို့ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၇၇၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၁၁-၂၀၂၂) ရက်နေ့ ည(၈:၀၀)နာရီမှ (၁၇-၁၁-၂၀၂၂) ရက်နေ့ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၇၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၄၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၆၅,၅၃၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၉၁၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၂၄၁) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၆) ရက်ဆက်တိုက် (၂)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# မိုးနဲမြို့နယ် ဆင်တောင်(လွိုင်စန့်) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေ ထိန်းသိမ်းရေးအတွက် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

မိုးနဲ နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဆင်တောင်(လွိုင်စန့်) စေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေထိန်းသိမ်းရေးအတွက် အလှူရှင်များအား ပထမအကြိမ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ဆင်တောင်(လွိုင်စန့်) ဘုန်းတော်ကြီးကျောင်း ဘောဇနဆောင်နေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင် ဦးစိုင်းစံဝင်းက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားပေးခြင်းနှင့် အခမ်းအနားသို့ လာရောက်ကြသည့် အလှူရှင်များ၊ ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခဲ့ကြပြီး မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဂန္ဓမာထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။ ထို့နောက် အလှူငွေပေးအပ်ပွဲ အနုမောဒနာတရားတော်ကို မိုးနဲမြို့ ဝိဇ္ဇာရိယကျောင်းတိုက် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တမာဃိန္ဒ (သဒ္ဓမ္မဇောတိကဓဇ)ထံမှ နာယူတော်မူခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကို အလှူရှင်များအား ပေးအပ်ခဲ့ကြကာ ရေစက်ချတရားနာ အမျှဝေ၍ ဆရာတော်များအား ပြန်လည်ကန်တော့ခြင်းနှင့် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။



ဆက်လက်၍ အခမ်းအနားသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်အပါအဝင် သံဃာတော် ရှစ်ပါးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ၊ ရပ်ကွက်နေ ပြည်သူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၂၆၅၁၈၀၀၀ ရှိကြောင်းနှင့် ရပ်နီးအလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ၅၁ စောင်ကို ပေးအပ်ခဲ့ပြီး ရပ်ဝေးအလှူရှင်များကိုလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# မြဝတီမြို့၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ကျင်းပ

မြဝတီ နိုဝင်ဘာ ၁၇

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင်(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာအခမ်းအနားကို မြန်မာ့ကြွေးကြော်သံတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကာဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကိုမြဝတီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ဖတ်ကြားပေးသည်။

ထို့နောက် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အလယ်တန်း၊ အထက်တန်းအဆင့်ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးသည်။

ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများက ဗိုလ်ရှုသဘင်တေးသီချင်း၊ မြန်မာပြည်သားတေးသီချင်း၊ သုံးရောင်ခြယ်တေးသီချင်းနှင့် ဓာတိမာန်တေးသီချင်းတို့ဖြင့် အနှစ်သာရပြည့်ဝစွာ သရုပ်ဖော် တင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗဟုသုတရရှိစေမည့် သုတ/ရသ စာအုပ်၊ စာစောင်များနှင့် နံရံကပ်ပြဘုတ်များအား ခင်းကျင်းပြသထားရာတက်ရောက်လာကြသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)



# ဖလမ်းမြို့၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

ဖလမ်း နိုဝင်ဘာ ၁၇

ချင်းပြည်နယ် ဖလမ်းမြို့၌ (၁၀၂)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ဖလမ်းမြို့ ဗလိုင်ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဝင်းဇော်လတ်၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်ထွန်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖဥက္ကဋ္ဌဦးရူလ်ဇမ်းတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ရဲမြင့်အောင်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၆-၁၁-၂၀၂၂ ရက်မှအဆက်

ဘလှသန်းထွန်းသည် မော်၏ပခုံးကလေးကိုပွေ့ယူလိုက်ရင်း မျက်နှာချင်းကပ်ထားလိုက်သည်။

မော်က ဘလှသန်းထွန်း၏ရင်ပြင်ကို လက်ဖြင့် အသာတွန်းထားသည်။ သို့တွန်းထားရင်းမှ လက်များသည် ဘလှသန်းထွန်းကျောကို ရစ်သိုင်း၍ဖက်ပြီးသားဖြစ်သွားပြန်သည်။

ဘလှသန်းထွန်းသည် မော့်တစ်ကိုယ်လုံး သိမ်းကျုံး၍ဖက်ထားရင်း မော်၏နှုတ်ခမ်းများကို အတင်းနမ်းလိုက်ပြန်သည်။ မော်က လူးလွန့်ရုန်းကန်ရင်း ခပ်တိုးတိုးတောင်းပန်လိုက်သည်။

"ဖယ် ... ဂျော်နီရာ၊ ယူတို့ယောကျ်ားတွေဟာ အတူတူပဲ။ မိန်းကလေးတွေကို တွေ့ရင် ဒါလောက်ပဲစိတ်ကူးကြတာ"

မော်သည် စိတ်မပါ့တပါရုန်းကန်ရင်း ထိုင်ခုံပေါ်တွင်လဲကျသွားသည်။ ဘလှသန်းထွန်းက မော်၏မျက်နှာကို အပေါ်မှ မိုး၍ထားသလိုရှိတော့သည်။

"ကိုယ် မော့်ကိုချစ်တယ်။ ဒါပဲနော် ... မော့်ကို ကိုယ်လက်ထပ်မယ်။ မော့်ကို ကိုယ်ချစ်တယ် ... သိလား။ ကိုယ့်ကို အရှုးမလုပ်နဲ့"

ဘလှသန်းထွန်းသည် ဆီမန်းမန်းသလို တတွတ်တွတ်ပြောရင်း မော်၏ လည်တိုင်ကြော့ကြော့၊ ပါးမို့မို့၊ နဖူးပြန့်ပြန့်လေးကို အနှံ့နမ်းလိုက်ပြန်သည်။ မော်က ကလေးသံလေးဖြင့် ညည်းရှာသည်။

"ပြန်မယ် ... ဂျော်နီရယ်၊ မော် ကနေ့ည ဒါတွေနားမထောင်ချင်ဘူး။ ပြန်ကြရအောင်ဂျော်နီ၊ နောက်နေ့ကျမှ အေးအေးဆေးဆေးတွေ့ကြရအောင်ပါ...နော်"

"ဟင့်အင်း ... မပြန်သေးဘူး"

ဂျော်နီက မကောင်းဘူးကွယ်။ အို ... ပြောတာလည်းမရဘူး"

"မရဘူး ... မရဘူး။ မော့်ကို ကိုယ်ယူမှာပဲဟာ"

"တော်တော့ကွယ်။ မော်စိတ်ညစ်အောင်မလုပ်နဲ့ကွယ်"

မော်၏ အသံကလေးများသည် တဖြည်းဖြည်း တိမ်၍သွားသည်။

ကောင်းကင်မှကြယ်ကလေးများသည် သစ်ပင်များကြားမှနေ၍ မော်၏ ဓာတ်လမ်းကို မှိတ်တုတ်မှိတ်တုတ်ဖြင့် ကြည့်နေကြသည်။ သို့ကြည့်ရင်း အင်းလျားရေပြင်မှ လှိုင်းတွန့်တွန့်ကလေးများကို လှမ်း၍သတင်းပေးလိုက်သည်။

ထိုအချိန်တွင် ခါတိုင်းလာနေကျ သူတို့မိတ်ဆွေ ကိုခင်မောင်ကြည်နှင့် မော်တို့ကို မျှော်နေကြမည့် အင်းလျားရေပြင်မှ လှိုင်းကလေးကိုကား မော်သည် သတိမရနိုင်တော့မည် မဟုတ်တော့ချေတကား ....

[ ၁၆ ]

ကိုခင်မောင်ကြည်ပေးသောဓာတ်ပုံကို ယူ၍ကြည့်လိုက်မိသောအခါ 'မ' မှာ မျက်လုံးများပင် ပြာ၍သွားလေသည်။ ပါတီပွဲတွင် ဖြစ်ချင်တိုင်းဖြစ်နေသော မော်နှင့် ဘလှသန်းထွန်း၏ပုံဖြစ်သည်။ 'မ' သည် ဓာတ်ပုံကို ကြာကြာပင် ဆက်၍မကြည့်ရဲတော့ချေ။ ကိုခင်မောင်ကြည်ကိုသာ မရဲတရဲကြည့်ရင်း မေးလိုက်ရသည်။

"ဘယ်လိုဖြစ်တာလဲ ကိုကိုကြည်"

"ညကပေါ့၊ မစ္စတာရှားမားတို့ပါတီမှာ မော်တစ်ယောက် မူးပြီး ခုလိုဖြစ်တာပဲ။ ကိုကိုကြည့်ကိုတောင် အထင်လွဲပြီး အရက်နဲ့ပက်သွားတယ်။ အဲဒါကို သတင်းထောက်တွေက ဖမ်းပြီး ဓာတ်ပုံရိုက်တာ။ ညက မနည်းတောင်းပန်ပြီး ဖလင်ကို လုယူခဲ့ရတယ်။ အမှန်က သိပ်ရှက်စရာကောင်းတယ်။ မစ္စတာရှားမားတို့ပါတီဆိုရင် တကယ့်လူကုံထံမျက်နှာကြီးတွေလာတာများတယ်။ ဒီပွဲမျိုးမှာ ခုလိုဖြစ်တာကတော့ လူကြီးတွေဂုဏ်သရေပါထိခိုက်တယ်"

'မ' သည် ကိုခင်မောင်ကြည်၏စကားတို့ကြောင့် ကိုယ့်ညီမဘက်မှ မခံချင်သလိုဖြစ်မိသော်လည်း အောင့်၍ထားလိုက်ရသည်။ မည်သို့ပင်ဖြစ်စေ ခုနေအခါမျိုးတွင် ကိုခင်မောင်ကြည်လို လူတစ်ယောက်ကပင် ကယ်တင်ရှင်ကြီးဖြစ်နေသည် မဟုတ်လား။

"ကိုကိုကြည်ကိုတော့ 'မ' တစ်ခု တောင်းပန်ပါရစေ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖေဖေတို့ မေမေတို့ မသိပါစေနဲ့။ 'မ' သူ့ကိုကြည့်ပြီးပြောပါ့မယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုကိုကြည်ကလည်း မော့်ကို အပြစ်မယူစေချင်ဘူး။ မော့်ကိုယ်စား 'မ'ကပဲတောင်းပန်ပါတယ်"

ကိုခင်မောင်ကြည်သည် 'မ' ၏ တောင်းပန်ချက်ကို စိတ်ထဲမှ ကျေနပ်သော်လည်း ဟန်ဆောင်၍နေလိုက်သည်။ မော့်ကိစ္စနှင့်ပတ်သက်၍ သူကိုယ်တိုင်ကပင် စိတ်မကောင်းဟန်ဖြင့် ခေါင်းကို ခပ်လေးလေး ညိတ်ပြလိုက်သည်။

"ကျွန်တော်နားလည်ပါတယ်။ ဒီကိစ္စကို မွှန်နဲ့ 'မ' ပဲ ပြောတာပါ။ ဒါကတော့ ညီအစ်မချင်းချင်း တိုးတိုးတိတ်တိတ် ဆုံးမနိုင်အောင်လေ။ မော်က တစ်ဇွတ်ထိုးဆိုတော့ အပြောရခက်တယ်"

"မော်က ကလေးစိတ်ကမကုန်သေးတဲ့အထဲ ထင်ရာလျှောက်လုပ်တဲ့စိတ်က ရှိပြန်တော့ ပိုခက်တာပေါ့။ ဒါပေမဲ့ 'မ' သူ့ကို ချော့မော့ပြီးပြောပါ့မယ်"

ကိုခင်မောင်ကြည်သည် 'မ' ကို တစ်ချက်မျှစိုက်ကြည့်ပြီးလျှင် နေရာမှ ထလိုက်သည်။

"ကဲ ... ဒါဖြင့် ကိုယ်သွားမယ်"

'မ' က ခေါင်းကို အသာညိတ်လိုက်သည်။ ကိုခင်မောင်ကြည်သည် တစ်လှမ်းနှစ်လှမ်းမျှလှမ်းလိုက်ပြီးလျှင် တစ်စုံတစ်ခုကိုသတိရဟန်ဖြင့် ပြန်၍လှည့်လိုက်သည်။

"သြော် ... ဒါထက် 'မ'ကို ကိုယ်တစ်ခုပြောရမယ်။ ကိုယ်နဲ့ 'မ' နဲ့ ကိစ္စအတွက်တော့ မွှန့်ကိုပြောပြီးပြီ။ ကိုယ်တော့ 'မ' ဆုံးဖြတ်မယ့်အချိန်ကို စောင့်နေပါတယ်။ 'မ' ဆီက အဆုံးအဖြတ်ကျလာရင် အန်ကယ်တို့ အန်တီတို့နဲ့တိုင်ပင်ပြီး စီစဉ်ဖို့ပဲရှိတော့တယ်။ ဒီကိစ္စကလေးတွေကို မမေ့လိုက်ပါနဲ့နော် 'မ'"

ကိုခင်မောင်ကြည်သည် ပြောပြောဆိုဆို ထွက်၍သွားလေသည်။ 'မ' က ပြန်၍ပြောချိန်မရမီ ကိုခင်မောင်ကြည်သည် ဧည့်ခန်းမှထွက်သွားသည်။

'မ' သည် ကိုခင်မောင်ကြည်ကို မကျေမချမ်း ရပ်၍ကြည့်နေမိသည်။

ပြီးမှ အပေါ်ထပ်သို့တက်ခဲ့သည်။ အပေါ်ထပ်သို့ရောက်သောအခါ ရေဒီယိုမှသီချင်းကို နားထောင်ရင်း ရုတ်တရက် ငိုင်၍နေမိသည်။ လှမိုးဆိုသော ညီမလေးရယ် စိုးရိမ်တယ် သီချင်းသည် ရေဒီယိုမှ ကြည်လင်စွာ ပေါ်ထွက်လာသည်။ အမှန်၌ 'မ' သည် ဂီတအနုပညာကိုဝါသနာပါသော်လည်း ရေဒီယိုသီချင်းများကို စိတ်ဝင်စားခြင်း မရှိလှ။

မြန်မာအနုပညာ မြန်မာ့ဟန်နှင့် အတွေးအခေါ်ပါသော သီချင်းများ ကြားရခဲသည်။ ခဏခဏလာ၍ ပါစပ်ဖျားရောက်ပြီး ပျောက်ဆိုသော သီချင်းများသာ လာတတ်သည်။ ထို့ကြောင့်လည်း မြန်မာ့အသံ ရေဒီယိုသီချင်းများကို တစ်ခါတစ်ရံ အားမလိုအားမရ ဖြစ်မိသည်။

ကိုယ်ကြိုက်သောအဖွဲ့နှင့် သီချင်းများသာ ရွေး၍နားထောင်တတ်သည်။

ယခုမူ တိုက်ဆိုင်၍လားမသိ၊ 'မ' သည် ရေဒီယိုမှ သီချင်းများကို နားထောင်ရင်း ငိုင်၍နေမိသည်။

အပျိုသင်စ ငှက်ကလေးပမာလို မရေရာသေးတဲ့လောကအလယ် မသိတာရှိသေးတယ်။ ကျယ်ဝန်းတဲ့ ဟောဒီကမ္ဘာဝယ် အယောင်ဆောင်တွေနဲ့တွေ့မှာစိုးလှတယ်။

"ပုရစ်နွယ်အညွန့်ဖူး အချစ်နယ် မလွန့်လူးလေနဲ့ အပျိုသင်စအရွယ် ညီမလေးရယ် စိုးရိမ်မိသေးတယ်"

'မ' သည် သီချင်းကိုနားထောင်ရင်း မော့်အဖြစ်နှင့်ယှဉ်၍ တွေးလိုက်မိသည်။

မော်သည် ရေဒီယိုကို ထ၍ပိတ်လိုက်ရင်းမှ 'မ' ကို တစ်ချက်မျှ ရှုသိုးသိုးဖြင့် စိုက်ကြည့်လိုက်သည်။

"အလကားသီချင်းကြီး ... သူတို့နမပဲ သူတို့စိုးရိမ်ဖို့ကောင်းတယ်။ ကြီးကြီးကျယ်ကျယ် သူတို့ကပဲစိုးရိမ်တယ်ရှိသေးတယ်"

မော်သည် ပြောရင်းဆိုရင်း နေရာမှ ထလိုက်သည်။ 'မ' က မော့်ကို လှမ်းကြည့်လိုက်ရင်း ပြောရန် စကားစလိုက်သည်။

"ဒီသီချင်းဟာ ခေတ်နဲ့လိုက်ပါတယ်ကွယ်။ ခေတ်အပျိုပေါက်ကလေးတွေဟာ စိုးရိမ်စရာအကောင်းဆုံးနေရာတွေမှာ ဝင်ပြီးတိုးနေကြတယ်။ ဒါဟာ သူတို့ရဲ့ ပျက်စီးခြင်းလမ်းစပဲ။ ဘာပဲဖြစ်ဖြစ် ဒီသီချင်းမှာ ကရုဏာရသလေးတော့ ပါသေးတယ်"

'မ' က စကားစရန် သီချင်းနှင့် နိဒါန်းပျိုးလိုက်သည်။ မော်က 'မ' ပြောသော စကားများကို ရှုံ့ရှုံ့မဲ့မဲ့ဖြင့် နားထောင်နေသည်။ ပြီးမှ မျက်နှာသုတ်ပဝါကို ဆွဲ၍ နောက်ဖေးခန်းသို့ ထွက်သွားသည်။ 'မ' သည် မော့်အကြောင်းကိုသာတွေးရင်း စောင့်နေရှာသည်။ မျက်နှာသစ်၍ ပြန်လာတော့လည်း မော်သည် 'မ' ကို စကားမပြော။ ပွနေသောခေါင်းကို ပြင်ရင်း သီချင်းတအေးအေး ဆိုနေတော့သည်။ 'မ' သည် လက်ထဲမှဓာတ်ပုံကို မှန်တင်ခုံရှေ့သို့ ပစ်ပေးလိုက်ပြီးလျှင် ဘာမျှမပြောဘဲ မော်၏အရိပ်အခြည်ကို အကဲခတ်နေလိုက်သည်။

မော်သည် ဓာတ်ပုံကိုမြင်ရမှ တစ္ဆေခြောက်ခံရသူကဲ့သို့ ရုတ်တရက် လန့်သွားဟန်ရှိသည်။

ပြီးမှ ဣန္ဒြေဆည်၍ မေးလိုက်သည်။

"ဒါ ဘယ်ကရတာလဲ"

"ဘယ်ကရတာမရတာ အရေးမကြီးဘူး မော်။ မင်း ဘာဖြစ်ခဲ့သလဲဆိုတာ အရေးကြီးတယ်"

မော်သည် ငှက်ကလေးကဲ့သို့ သူ့ဆံပင်ကို ခေါင်းတဆတ်ဆတ်ဖြင့် ခါလိုက်ပြီးလျှင် လက်နှစ်ဖက်သပ်ကာ ဖဲကြိုးစည်းလိုက်သည်။ ပြီးမှ ခပ်အေးအေး ပြန်၍ဖြေလိုက်သည်။

"ကိုကိုကြည်ကို အမြင်ကပ်လို့ အရွဲ့တိုက်ခဲ့တာ။ ဘယ်ကောင်တွေကများ လက်ကမြင်းပြီး ဓာတ်ပုံရိုက်သလဲမသိပါဘူး"

"လက်ကမြင်းပြီးရိုက်တာ မဟုတ်ဘူးမော်။ သတင်းစာထဲကို ထည့်ဖို့ရိုက်တာ။ တောင်းပန်ပြီး ယူလာခဲ့ရတာ။ မိုက်လှချည်လား ညီမငယ်ရယ်။ ဘာလို့ ဒီလိုလုပ်ရတာလဲ"

"ညက မော် နည်းနည်းမူးသွားတယ်။ အဲဒါ မူးမူးနဲ့ ဘာတွေဖြစ်မှန်းမသိဘူး"

'မ' သည် မျက်လုံးဝိုင်းကလေးဖြင့် မော့်ကို စိုက်ကြည့်နေမိသည်။ မော်က ခပ်ပေါ့ပေါ့ပြောလိုက်သော်လည်း နားထောင်ရသူ 'မ' မှာ အသက်ရှူမှားတော့မလိုဖြစ်ရ၏။

"ဖြစ်မှဖြစ်ရလေ ညီမလေးရယ်။ အရက်ဆိုတာ မိန်းကလေးတွေနဲ့ လုံးဝမစပ်ဟပ်တဲ့အရာပါလား။ သူစိမ်းယောကျ်ားတွေနဲ့ တွဲသွားပြီး အရက်မူးနေတဲ့ မိန်းကလေးတစ်ယောက်ဟာဘယ်လောက်များ အသည်းယားစရာကောင်းသလဲ။ 'မ' ဖြင့် မင်းအစား ရင်တုန်တယ်"

**ဆက်လက်ဖော်ပြပါမည်။**

"'မ' သည် လက်ထဲမှဓာတ်ပုံကို မှန်တင်ခုံရှေ့သို့ ပစ်ပေးလိုက်ပြီးလျှင်
ဘာမျှမပြောဘဲ မော်၏အရိပ်အခြည်ကို အကဲခတ်နေလိုက်သည်။
မော်သည် ဓာတ်ပုံကိုမြင်ရမှ တစ္ဆေခြောက်ခံရသူကဲ့သို့ ရုတ်တရက် လန့်သွားဟန်ရှိသည်။
ပြီးမှ ဣန္ဒြေဆည်၍ မေးလိုက်သည်။ "ဒါ ဘယ်ကရတာလဲ"
"ဘယ်ကရတာမရတာ အရေးမကြီးဘူးမော်။ မင်း ဘာဖြစ်ခဲ့သလဲဆိုတာ အရေးကြီးတယ်"
"ညက မော် နည်းနည်းမူးသွားတယ်။ အဲဒါ မူးမူးနဲ့ ဘာတွေဖြစ်မှန်းမသိဘူး"
"ဖြစ်မှဖြစ်ရလေ ညီမလေးရယ်။ အရက်ဆိုတာ မိန်းကလေးတွေနဲ့
လုံးဝမစပ်ဟပ်တဲ့အရာပါလား။ သူစိမ်းယောကျ်ားတွေနဲ့ တွဲသွားပြီး
အရက်မူးနေတဲ့ မိန်းကလေးတစ်ယောက်ဟာ ဘယ်လောက်များ
အသည်းယားစရာကောင်းသလဲ။ 'မ' ဖြင့် မင်းအစား . . ."

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၇၃ ဆူ | ၂၄၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၃ ခန်း | ၃၉၂ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၈ တိုင် | ၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၄၀ စုံ | ၂၆၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဂုဏ်ပြုချီးမြှင့်ခံရသော သီရိပျံချီဘွဲ့တံဆိပ်ကို **ဦးဇော်ဇော်နိုင် (ခ) Shri MG Thangaraja** ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ) အလုပ်အမှုဆောင်အဖွဲ့မှ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခံရသည့်အတွက် အသက်ရာကျော်ရှည်၍ ချစ်သောမိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာ့အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ဦးအောင်ဇော်ဝင်း**
**ဥက္ကဋ္ဌ – ရှိုင်းကုမ္ပဏီများအုပ်စု**
**ဒုတိယ ဥက္ကဋ္ဌ**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်နီလာထွန်း (ဘ) ဦးအေးထွန်း အမည်ဖြင့်ချထားပေးသော ပါမစ်မြေ မြေကွက်အမှတ်(၁၇၇၂) အလျား x အနံ ပေ(၄၀x၆၀) အကျယ်ရှိ မြေကွက်နှင့် ၎င်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သီသီလွင် [၁၂/မဂတ(နိုင်)၀၀၀၀၉၅]က ပြန်လည်ဝယ်ယူရန်အတွက် လက်ရှိပိုင်ဆိုင်၍ အကျိုးခံစားခွင့်ရှိသူဟုဆိုသော ဒေါ်စောမင်းဝေ [၁၂/တမန(နိုင်)၁၀၈၅၃၆]အား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီသီလွင်**
**အမှတ်(၅၂/၂)၊ မိုးဆွေလမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉– ၇၈၂၄၀၃၆၅၅၊ ၀၉– ၄၃၁၁၃၄၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–ကြီးပွားရေး/မြောက်၊မြေကွက်အမှတ်–၄၃၃/က၂၊မြေကွက်တည်နေရာအမှတ်(၄၃၃/က၂)၊လေးထောင့်ကန်လမ်း၊ကြီးပွားရေးမြောက်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ဦးဝင်းမြင့်အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်–ဦးဝင်းမြင့်(၁၂/လကန(နိုင်)၁၀၆၆၈၂)ကိုယ်တိုင်မှ(ဓာတ်ပုံ၊ရွှေပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်)တို့သာပါရှိပြီး(အိမ်ယာဆောက်လုပ်နေထိုင်ခွင့်၊မှီခိုသူများစာရင်း)မပါဝင်ဘဲ၊ပါမစ်(မပြည့်စုံ)ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားကန့်ကွက်ရန်ရှိပါကတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောက်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်ဘောဂလမ်း (၁က)နေ ဒေါ်လှနွယ် [၁၂/အစန(နိုင်)၁၂၄၁၈၀]၏သမီး မလှအိန္ဒြာမင်း(ခ)ဝင်ဒီ [၁၂/အစန(နိုင်)၁၈၈၅၃၉]သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို (လုံး၀) လုံး၀ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်**
**ဒေါ်လှနွယ်**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၄၁)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၄၁)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်ဇာလွင် [၁၂/ဥကတ(နိုင်)၁၅၇၄၆၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇော်ဝင်းဦး (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၂၇)**
**အမှတ်(C–2A)၊ အခန်းအမှတ်(၁၁၀)၊ Time Square အိမ်ရာ၊**
**ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၅၁၇၈၀၁၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀၊ အသဃက(၃၁)လမ်း၊ မြေကွက်အမှတ်–၉၁၅/က ဟုခေါ်တွင်သော မြေရှင်ဒေါ်မူမူ၊ ကန်ထရိုက်တာ ဦးစိုးမင်းဦးတို့မှ နှစ်ဦးသဘောတူဆောက်လုပ်ထားပြီး ကန်ထရိုက်တာပိုင်အခန်းမှတစ်ဆင့် အဆင့်ဆင့်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြက်ရည်ဝင်း[၁၂/ဥကတ (နိုင်)၀၀၀၆၀၁]မှ (၃)ထပ်ခွဲတိုက်ခန်း၏ တတိယထပ်(၄)လွှာ အပေါ်ဆုံးထပ်အခန်းရှိ၊ ယင်းတိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော ရေ၊ မီး၊ အဲကွန်း(၂)လုံး၊ ရေပူရေအေးစက်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံအဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီမွန်[၁၂/ဥကတ(နိုင်)၀၂၁၈၄၆] မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲပြောင်းညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မေသူအောင်(LL.B)** | **ဒေါ်တင်တင်ဌေး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၆၅၈)** | **အထက်တန်းရှေ့နေ (စဉ်–၄၁၈၂၂)** |
| **အမှတ်–၆၀၊ ပထမထပ်၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့။ Ph–09–421164483** | **အမှတ်–၆၂၇၊ စောခွန်ရစ်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ Ph–09–256180546** |

## ရွှေမိုက်နှင့် ရွှေသင်္ကန်းကပ် တင်ဒါ/လေလံကြော်ငြာ

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တုရင်တောင်စွယ်တော်မြတ်စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ လက်ရှိရွှေမိုက်များကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။ ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း လုပ်ကိုင်လိုသူများသည် (၉)လက်မပတ်လည်ကြေးပြား တစ်ချပ်ပေါ်တွင် ရွှေချပြီး နမူနာနှင့်အတူ တင်ဒါတင်သွင်းနိုင်ပါသည်။

၃။ လေလံနှင့် တင်ဒါလျှောက်လွှာများကို (၁၃၈၄)ခုနှစ်၊ ပြာသိုလပြည့်ကျော်(၉)ရက် (၁၆–၁၂–၂၀၂၂) သောကြာနေ့၊ နံနက် (၉:၀၀) နာရီတွင် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး လေလံတင်ဒါပွဲကို (၁၃:၀၀)နာရီတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ တင်ဒါလေလံအတွက် အသေးစိတ်စည်းကမ်းချက်များကို ရုံးချိန်အတွင်း တုရင်တောင်စွယ်တော်မြတ်စေတီတော် ဂေါပကရုံးသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တုရင်တောင်စွယ်တော်မြတ်စေတီ**
**ဘဏ္ဍာတော်ထိန်း**
**ဂေါပကအဖွဲ့၊ ညောင်ဦးမြို့**
**ဖုန်း–၀၉–၂၀၄၂၆၀၀၊ ၀၉–၂၅၈၃၁၂၅၃၃**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ အမက(သီရိမင်္ဂလာ)ပဉ္စမတန်းမှ အဖ ဦးဝင်းခိုင်[၈/မဘန(နိုင်)၀၀၁၇၄၈]၏ သမီး မချစ်ခွန်းချို ၏ အမည်မှန်မှာ မခွန်းချိုသာ ဖြစ်ပါကြောင်း။

**မခွန်းချိုသာ**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကျောက်ကြီးမြို့ ဝဲကြီးကျေးရွာအုပ်စု ဝဲကြီးကျေးရွာနေ အဖ စောတင်လှိုင်ဝင်း PYU–၀၅၈၉၄၃ ၏ သမီးအမည်မှန်မှာ နော်အယ်နီသော ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ် အမှန်မှာ (၁.၁.၁၉၉၇) ဖြစ်ပါသည်။

**နော်အယ်နီသော**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၂၀၆)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦ၏ တတိယထပ်၊ (၄)လွှာ၊ အကျယ်အဝန်း (၉၁၈)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးသန်းတင်အောင် [၁၂/ဥကတ(နိုင်)၀၅၆၄၄၃]မှ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မွန်မွန်ချို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈) (၀၉–၂၅၀၆၈၅၇၁၇)**
**စွမ်းမဟာအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်**
**အမှတ်(၂၇၉)၊ သုမင်္ဂလာလမ်းမ၊ တတိယထပ်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၇၃၂၂၁၀၂၂၊ ၀၉– ၇၇၇၇၂၀၁၆၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ကြီးပွားရေး(တ)၊ မြေကွက်အမှတ်–၁၃၅/ခ၊ ဧရိယာပေ(၂၀x၆၀)အကျယ်ရှိ ဒေါ်သန္တာဝင်း(MDN–000892)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်အမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၅/ခ)၊ ပတ္တမြားလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဟုခေါ်တွင်သည့်နေအိမ်အပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်၍ လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူဦးသက်လှိုင်တိုး[၁၂/ကတတ(နိုင်)၀၀၁၇၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–** **LRE Law Firm Limited**
**တရားလွှတ်တော်ရှေ့နေများ**

| | | |
|---|---|---|
| **ဦးဝဏ္ဏဇော်** | **ဒေါ်စိုးစိုးနွယ်** | **ဒေါ်စုမြတ်နွယ်** |
| **(စဉ်–၉၇၈၀)၊** | **(စဉ်–၁၄၁၈၃)၊** | **(စဉ်–၁၆၆၈၅)** |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း – ၀၉–၄၅၃၃၈၂၂၉၂**

**"ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၆ H၊ မြေကွက်အမှတ်– ၆၃ C/၃၊ ဧရိယာ– ၀.၂၃၁ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ စုပေါင်းလမ်းသွယ်၊ အမှတ်– ၈၁–အေ/ ၁၁–အေ နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ ဦးခင်မောင်ဝင်း [၁၂/ပဘတ(နိုင်)၀၂၇၇၆၀] နှင့် ဒေါ်နှင်းကေသီ[၁၂/ရကန(နိုင်)၁၂၄၉၄၄]တို့မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၃၀. ၁. ၂၀၁၃) ရက်စွဲပါ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်- ၄၂၃/၂၀၁၃ ဖြင့် ဦးခင်မောင်ဝင်းနှင့် ဒေါ်နှင်းကေသီတို့မှ တရားဝင်အမည်ပေါက်ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးခင်မောင်ဝင်း | ဒေါ်နှင်းကေသီ |
| [၁၂/ပဘတ (နိုင်) ၀၂၇၇၆၀] | [၁၂/ရကန (နိုင်) ၁၂၄၉၄၄] |

09–5071426

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ မျက်နှာသစ်စဉ်၊ သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ဖွင့်ထားပါက၊ ရေဆုံးရှုံးရပြီး၊ ရေပြန်တင်ရန် လျှပ်စစ်သုံးဖို့ လိုအပ်လာပါမည်။ ထို့ကြောင့် သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

လမ်းမီးများကို အလင်းရောင်ရှိသော အချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး၊ အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။



**စောစောအိပ်လို့**
**စောစောထလို့**
**စောစော**
**လမ်းလျှောက်**
**ကြပါစို့**

## ဆံတော်ရှင် ဆူးလေစေတီတော်

ရွှေထီးတော်၊ စေတီတော်လုံးတော်ပြည့်နှင့် အရံစေတီတော်များ
ရွှေစင် ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းကပ်လှူရေးတွင်

**ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်လွှာ**

ရန်ကုန်မြို့ ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ လုံးတော်ပြည့်နှင့် အရံစေတီတော်များကို ရွှေစင် ရွှေပြား၊ မျက်ပါး ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်းလုပ်ငန်းအား ၁၃၈၄ – ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင် ကုသိုလ်တော်ရှင်များသည်မိမိ သဒ္ဓါတတ်အား ရှိသရွေ့ကြုံတောင့်ကြုံခဲရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကြီးတွင် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုပါက စေတီတော်ဂေါပကအဖွဲ့ ဖုန်း – ၀၁ – ၈၃၇၁၀၀၇၊ ၈၃၇၁၀၀၉၊ ၈၃၇၁၅၆၁၊ ၈၃၇၁၅၆၂၊ ၈၃၇၁၅၆၃၊ ၀၉ – ၉၇၅၃၂၃၉၂၀၊ ၀၉ – ၄၅၀၀၁၂၉၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့.

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ပုလဲလမ်း၊ (၁၂)ရပ်ကွက်၊ မြေကွက်အမှတ်(၃၀၆)၊ ဧရိယာ(၄၀' x ၆၀') ရှိသည့်မြေကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင် အမည်ပေါက်ပိုင်ဆိုင်သူ-ဗိုလ်မှူးကြီးရင်(၁၃/လလန(နိုင်)၀၂၁၀၇၂)ကတရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

( လွှဲအပ်ညွှန်ကြားချက်များအရ )

| | |
|---|---|
| ဦးသန့်ဇင် (LL-B) | ဒေါ်ဟန်နွေနိုင် (LL-B) |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သရဖီလမ်း၊ တိုက်အမှတ်–၁၁ (ဘီ) ဟုခေါ်တွင်သော (၁၅'x၅၀') အကျယ်ရှိ မြေညီထပ် တိုက်ခန်းမှာ မိခင်ကြီး ဒေါ်အေးစိန်မှ (၅–၁–၁၉၆၅)ခုနှစ် ကတည်းက အရပ်ကတိတိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။ ဖခင်ကြီး ဦးသိန်းထွန်းကျော်မှာ (၂၀–၁၂–၁၉၉၀) ရက်တွင်လည်းကောင်း၊ မိခင်ကြီး ဒေါ်အေးစိန်မှာ (၁–၆–၂၀၁၈)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပြီးဖြစ်သဖြင့် ကျန်ရစ်သူ တစ်ဦးတည်းသောသားဖြစ်သော ဦးဉာဏ်ကျော် [၁၂/အလန(နိုင်)၀၃၉၆၃၄]မှသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ကြည်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**ဖုန်း–၀၉–၄၃၁၁၄၁၄၁၊ ၀၉–၄၀၀၁၀၁၄၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ်(၁၃၂)ကို ဦးဝင်းကြည်[၇/ပတန(နိုင်)၀၄၉၀၀၁]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဦးတင်စိုး[၁၄/မအပ(နိုင်)၀၀၆၃၂၉] မှ ၎င်းအမည်ဖြင့် မြေငှားစာချုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း အများပိုင် ကုမ္ပဏီလီမိတက် (MICTDC) ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား Online စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားလွှာ

၁။ မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း အများပိုင် ကုမ္ပဏီလီမိတက် (MICTDC) ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို Online စနစ် အသုံးပြု၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံး Online မှ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်–

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ရက် | – | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက် (စနေနေ့) |
| အစည်းအဝေးကျင်းပမည့်အချိန် | – | (၁၀:၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်ပုံစံ | – | Online Zoom Meeting |

